မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လကွယ်နေ့၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၅၇)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ယခုအခါ မြို့နယ်အချို့တွင် တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီ

ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုများကို ဆက်လက်ထိန်းသိမ်း အပျက်အမှောင့် ကောလာဟလများကို မယုံကြည်ကြရန် အထူးအရေးကြီး

နေပြည်တော် ဇွန် ၁၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် စစ်တွေမြို့မှတစ်ဆင့် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်နှင့် ပေါက်တောမြို့တို့သို့ လှည့်လည်သွားရောက်၍ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများအားတွေ့ဆုံပြီး အခြားဒေသများမှ တိမ်းရှောင်ရောက်ရှိနေသူများအား နှုတ်ဆက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိကြပြီး လောကမာရဇိန်ဘုရားသိမ်တော်၌ ယာယီနေရာချထားပေးသည့် အခြားမြို့နယ်များမှတိမ်းရှောင်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီးဦးဘုန်းဆွေတို့က တိမ်းရှောင်လာသူများအတွက် ခေါက်ဆွဲခြောက်ထုပ်များ၊ အဝတ်အထည်များနှင့် ပန်းကန်၊ ဇွန်းများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ စာမျက်နှာ ၅ ကော်လံ ၁ ▲

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ ကျောက်တော်မြို့၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် ငွေကြေးနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၇

ရခိုင်ပြည်နယ်အတွင်းရှိ လတ်တလောအခက်အခဲများ ကြုံတွေ့နေရသော ဒေသခံပြည်သူများအတွက် ငွေကြေးနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း အထွေထွေအတွင်းရေးမှူး ဦးခင်မောင်အေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များ စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် မေ ၂၈ ရက်မှစပြီး ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် အခက်အခဲကြုံတွေ့နေရသော ဒေသခံပြည်သူများ လတ်တလောရပ်တည်နေထိုင်စားသောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဒေသခံပြည်သူများအတွက် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဖြည့်ဆည်းထူထောင်ဆောင်ရွက်ပေးရန် လိုအပ်သည့်အတွက် နိုင်ငံတော်က စာမျက်နှာ ၈ ကော်လံ ၃ ○

ပေးအပ်လှူဒါန်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ထံ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

အင်္ဂါဂြိုဟ် မျက်နှာပြင်ရှိ တောင်ကုန်းများ လေ့လာရန် ကာဗျော်စီတီလေ့လာရေးယာဉ် နာဆာစေလွှတ်မည် စာ ၄

ပြင်သစ်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အောက်လွှတ်တော်ရွေးကောက်ပွဲရလဒ် အရေးပါ စာ ၅

ချက်က အိမ်ရှင်ပိုလန်ကို နိုင်ပြီး အုပ်စုဗိုလ်ဖြင့် ကွာတားတက် စာ ၇

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၁၈ ရက်)

ရောင်းသူနှင့်ဝယ်သူ

ဈေးရောင်းသူ၊ ဈေးသည်၊ ကုန်သည် စသူတို့သည် ယင်းတို့၏ကုန်ပစ္စည်းများအပေါ် အမြတ်ရလို၍ ရောင်းကြ၏။ မည်သည့်ဈေးရောင်းသူမျှ အရှုံးခံရောင်းချမည် မဟုတ်ချေ။ အမြတ်အနည်းအများသာကွာ၏။ အချို့ကား အမြတ်များသည်၊ အချို့ကား အမြတ်နည်းသည်။ အချို့မှာမူ ဈေးကွက်စီးပွားရေးဆန်ဆန် များများထုတ် မြန်မြန်ရောင်းချရ၏။ အချို့မှာ အရောင်းပါးပြီး ဈေးကွက်မရဖြစ်ကြရသည်။ ဤအချက်သည် စဉ်းစားစရာပင်ဖြစ်၏။

ဈေးရောင်းသူချင်းအတူတူ၊ ရောင်းကုန်ပစ္စည်းချင်းအတူတူ အချို့ရောင်းကောင်း၏။ အချို့ရောင်း မကောင်း၊ ဈေးကွက်ပျက် အရင်းပြုတ်မည့်အနေအထားပင်ရောက်၏။ ထိုသို့ အဘယ်ကြောင့်ဖြစ်ကြ ရသနည်း။ ဈေးရောင်းသူတိုင်း စဉ်းစားဖို့ကောင်း၏။ ဤသို့ဖြစ်ရခြင်းနှင့်ဆက်စပ်ပြီး တစ်ခါက ဈေးတစ် ဈေးအတွင်း မုန့်ဟင်းခါးဆိုင်နှစ်ဆိုင်၏ ဈေးအရောင်းသွက်ခြင်းနှင့် မသွက်ခြင်းအပေါ် ဆင်ခြင်သုံးသပ်မိ၏။

တစ်ခုသောမုန့်ဟင်းခါးဆိုင်သည် အလွန်ရောင်းကောင်း၏။ ထိုင်ခုံမရှိသဖြင့် မတ်တတ်ရပ်ပြီးစားသူ များပင် ရှိသေး၏။ အခြားဆိုင်တစ်ဆိုင်မှာ ရောင်းမကောင်း။ ခြောက်ကပ်ကပ် တစ်ယောက်တလေသာ ဝင်စားသည်ကို တွေ့ရ၏။ ရောင်းကောင်းသောမုန့်ဟင်းခါးဆိုင်တွင် ရောင်းကုန်ပစ္စည်းဖြစ်သည့် မုန့်ဖတ် ကောင်းကောင်း၊ အကြော်ပူပူနွေးနွေး၊ ဟင်းရည်ချိုချို၊ အရသာရှိရှိ စားကောင်း၏။ မုန့်ဖတ်လတ်လတ် ဆတ်ဆတ်၊ ဘူးသီးကြော်ပူပူရွရွနှင့် ငါးကျည်း၊ ငါးခူနှင့်ချက်ထားသည့် မုန့်ဟင်းခါးဟင်းရည်ချိုချိုကို တစ်ပန်းကန်မျှ စားလိုက်ရလျှင် အာဂပါးစပ်လူဖြစ်ကျိုးနပ်ပြီဟု ထင်မိသည်။

အခြားမုန့်ဟင်းခါးဆိုင်တွင် မုန့်ဖတ်က ချဉ်တင်တင်၊ အကြော်က အေးစက်စက်ပြန်ကြော်များ၊ ဟင်းရည်က ငန်ကျိုကျို၊ ကျဲတောက်တောက်ဖြစ်နေသည်ကို တွေ့ရသည်။ စားသူများ ခံတွင်းတွေ့ပုံမရပေ။

ဤသို့ မုန့်ဟင်းခါးဆိုင်နှစ်ဆိုင်၏ ရောင်းကောင်းခြင်း၊ မကောင်းခြင်း မည်သို့သောကြောင့် ကွာဟ ချက်ရှိသနည်းဟုဆိုလျှင် ရောင်းကုန်ပစ္စည်းအရည်အသွေးနှင့် စိတ်စေတနာတို့အပေါ်တွင် မူတည်၍ ကွာခြား ချက်ဖြစ်နေသည်ကို တွေ့ရပေသည်။

အမှန်စင်စစ် ဈေးဝယ်သူတို့၏ဆန္ဒသည် ပေးရသောငွေကြေးနှင့်ထိုက်တန်သော ရောင်းကုန်ပစ္စည်း များကို ရယူလိုကြသည်။ ဈေးပေါပေါရလျှင် ငွေကြေးနှင့်ထိုက်တန်သောပစ္စည်းသာရမည်။ ဈေးကြီးပေးရ လျှင် ဈေးကြီးသည့်အလျောက် ပစ္စည်းကောင်းဖြစ်သင့်သည်။ ဈေးကြီးကြီးပေးရပြီး ပစ္စည်းကောင်း ဖြစ်မလာလျှင် ထိုဆိုင်သို့ နောက်တစ်ဖန် ပြန်မဝယ်ဖြစ်မှာ သေချာသည်။

စမတ်ဖုန်းလောကတွင် အောင်မြင်နေသော အိတ်ချ်တီစီကုမ္ပဏီသည် မိုဘိုင်းလ်ဖုန်းများ စထုတ်စက ပင် ကမ္ဘာ့ဈေးကွက်ကိုယှဉ်နိုင်သည့် စမတ်ဖုန်းများကိုသာ ထုတ်လုပ်ရောင်းချခဲ့သဖြင့် အချိန်တိုကာလအတွင်း အခြားမိုဘိုင်းလ်ဖုန်းများကို ယှဉ်နိုင်သည်ဟုဆိုခဲ့ဖူးသည်။ ထို့ကြောင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူတိုင်း သည် မြန်မာ့ဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်အထိတိုင် ထိုးဖောက်နိုင်သော အရည်အသွေးမီ ကုန်ပစ္စည်း များသာ ထုတ်လုပ်ရောင်းချသင့်ပေသည်။ အရည်အသွေးကောင်းသော ပစ္စည်းများထုတ်လုပ်နိုင်မှ ဈေးကွက် ရရှိလာပြီး တိုးတက်ကြီးပွားမည်ဖြစ်သည်။

သို့ပါသောကြောင့် မည်သည့်ကုန်ပစ္စည်းကိုရောင်းချသည်ဖြစ်စေ ဈေးရောင်းသူသည် ဈေးဝယ်သူအကြိုက် ကုန်ပစ္စည်းအရည်အသွေးများဖြစ်အောင် ထုတ်လုပ်ရောင်းချသင့်၏။ အရည်အသွေးကောင်းပြီး အမြတ် နည်းနည်းယူသည့်အပြင် ဝန်ဆောင်မှုစနစ်ကောင်းခြင်းတို့သည် ယနေ့ဈေးကွက်စီးပွားရေးစနစ်နှင့် ကိုက်ညီ လှ၏။ ဤသို့လျှင် ဈေးရောင်းသူနှင့် ဈေးဝယ်သူတို့ သဟဇာတဖြစ်စေမည့် ရောင်းဝယ်မှုစနစ်ကို ဖော်ဆောင် နိုင်ပါလျှင် နှစ်ဦးနှစ်ဖက်အကျိုးများနိုင်ကြမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပညာသင်စရိတ်နှင့် တူညီဝတ်စုံများ တာချီလိတ်၌ ထောက်ပံ့

တာချီလိတ် ဇွန် ၁၇

တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းနှင့် ဝန်ထမ်းများအား တူညီဝတ်စုံ ပေးအပ်ပွဲကို ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ဝန်ထမ်းသားသမီး ၁၄ ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁၇၇၅၀၀ နှင့် ဝန်ထမ်း ၁၈ ဦးအတွက် တူညီဝတ်စုံများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ဝန်ထမ်းသားသမီး ၃၆ ဦးအတွက် ပညာသင်စရိတ် ငွေကျပ် ၂၆၅၀၀၀ နှင့် ဝန်ထမ်း ၃၄ ဦးအတွက် တူညီဝတ်စုံများကိုလည်းကောင်း၊ ခရိုင်မိသားစု စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် မြို့နယ်မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာတို့က ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၆ဝ)

လင်းခေးခရိုင်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

လင်းခေး ဇွန် ၁၇

လင်းခေးခရိုင် သစ်တောဦးစီးဌာန၏ ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက် ၇ နာရီက လင်းခေး-မိုးနဲ ကားလမ်းဘေး မိုင်တိုင်အမှတ် ၄၉/၅ ၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၃၀၀ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့အတူ လင်းခေးခရိုင်အတွင်းရှိ မိုးနဲမြို့နယ်တွင် မဲဇလီပင် ၇၀၀ကျော်၊ မိုင်းပန် မြို့နယ်တွင် ကျွန်းနှင့်ပန်းအလှပင် ၃၀၀ကျော်၊ ကျိုင်းတောင်းမြို့နယ်တွင် ကျွန်းနှင့် အလှပင် ၃၅၀ ကျော်ကို သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးများ ဦးဆောင်ကြီးကြပ်မှုဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် သစ်တော)

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

နိုင်ငံသားစိစစ်ရေးကတ်များ လှည်းကူး၌ဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၁၇

လှည်းကူးမြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးတင့်ခိုင်နှင့်ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ရိပ်သာ ရပ်ကွက် မေဃဝတီဘုန်းကြီးကျောင်း၌ ဇွန် ၁၂ ရက်က ရပ်ကွက်ပြည်သူများ အား နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများကို ကွင်းဆင်း ဆောင်ရွက်ပေးရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးမောင်မောင်သန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုး မင်းသိန်း(ဝဲပုံ)တို့ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် လဝက)

ပုလဲသွယ်စပ်မျိုးစပါး အထွက်နှုန်းတိကျမှန်ကန်ရေး စံကွက်ရိတ်သိမ်း

ရေစကြို ဇွန် ၁၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် တောင်သူပညာပေး စိုက်ပျိုး ထားသော ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး စံပြ ၁၀ ဧက စိုက်ကွင်းအတွင်းမှ တောင်သူ ဦးညဏ်တင်၏ ၁ ဒသမ ၆၀ ဧကတွင် ဇွန် ၉ ရက်က စပါးအထွက်နှုန်းတိကျမှန်ကန်ရေးအတွက် ဒုတိယအကြိမ် စံကွက်ရိတ်သိမ်းကြသည်။ ထိုသို့ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရွှေငါးနှင့် ဝန်ထမ်း များ၊ ဒေသခံတောင်သူများက ဝ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့ပြီး စပါးတစ်ဧက ၂၄၈ ဒသမ ၁၄ တင်းနှုန်း ထွက်ရှိသည်။ (**အောက်ပုံ**)

ပထမအကြိမ် ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက စံပြစိုက်ကွင်းမှ တောင်သူ ဦးသန်းစိုး၏ လယ်မြေတွင် ပခုက္ကူခရိုင် စိုက်တိုးမြှင့်အဖွဲ့၏ ကြီးကြပ်မှုဖြင့် စံကွက်ရိတ်သိမ်းခဲ့စဉ်က ခြောက်သွေ့ပြီးစပါးတစ်ဧက ၂၄၈ ဒသမ ၉၃ တင်း ထွက်ရှိခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရမည်းသင်းမြို့၌ ဆိုင်ကယ်လိုင်စင်များ ပြုလုပ်ပေး

ရမည်းသင်း ဇွန် ၁၇

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ရမည်း သင်းခရိုင်ရုံးက မော်တော်ဆိုင်ကယ် လိုင်စင်မပြုလုပ်ရသေးသူများအား ဇွန် ၅ ရက် နံနက် ၉ နာရီမှစ၍ လိုင်စင်များ ပြုလုပ်ပေးလျက်ရှိသည်။

လိုင်စင်ပြုလုပ်ပေး

ဆိုင်ကယ်လိုင်စင်ပြုလုပ်ရာတွင် ထုတ် လုပ်သောနိုင်ငံ၊ ထုတ်လုပ်သောနှစ်၊ အင်ဂျင်ပါဝါ၊ မော်ဒယ်အနိမ့်အမြင့်ပေါ် မူတည်ပြီး ဈေးနှုန်းများ သတ်မှတ်ထားရှိ သည်။ ဇွန် ၅ ရက်မှ ၈ ရက်အထိ ရမည်းသင်းမြို့နယ်မှ လိုင်စင်ပြုလုပ်ပြီး အစီးရေ ၃၂၀ နှင့် ပျော်ဘွယ်မြို့နယ်မှ ၂၂ စီး စုစုပေါင်း ၃၄၂ စီး လိုင်စင်ပြုလုပ် ပေးပြီးဖြစ်သည်။ လိုင်စင်ပြုလုပ်ပေးမှုကို လေးလကြာ ကာလ သတ်မှတ်ထားရှိ ကြောင်း သိရှိရသည်။ (ဝ၁၁)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန် ဇွန် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကျန်းမာရေးပြည်သူ့ ဆေးရုံကြီးခန်းမ၌ ကျန်းမာရေးအသိပညာပေးဆိုင်ရာဟောပြောပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဆိုင်ရာ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဦးဉာဏ် ဝင်းမြင့်က ကူးစက်ရောဂါ ကြိုတင်ကာကွယ်တားဆီးနှိမ်နင်းရေးဆိုင်ရာများကို ရုပ်ပုံ ပန်းချီကားချပ်ဖြင့် ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်စန်းနွဲ့က သွေးလွန်တုပ်ကွေးရောဂါ၊ မွေးကင်းစကလေး မေးခိုင်ရောဂါ၊ ဝက်သက်ရောဂါ၊ ပိုလီယိုအကြောသေရောဂါနှင့် ကူးစက်ရောဂါများကို မြို့နယ်၊ ရပ် ကွက်၊ ကျေးရွာအလိုက် ကြိုတင်စီမံဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ရောဂါ များကို ကာကွယ်တားဆီးနှိမ်နင်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများအား ရောဂါအသိပညာပေးဆိုင်ရာ အချက် အလက်ပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၈၁)

ဇွန် ၅ရက်က ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ ပျံကျ ဈေးသည်နှင့် အနေးယာဉ်မောင်းများ၏သားသမီးများအတွက် ကျောင်းဝတ်စုံ ၄၂စုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသိန်း ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

စပါးသီးနှံစိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်သတ်မှတ် ထုတ်ချေးပေး

ထားဝယ် ဇွန် ၁၇

တောင်သူလယ်သမားများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးသည့်အနေဖြင့် ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီကာလတွင် စပါးသီးနှံအပေါ် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ တိုးမြှင့်သတ်မှတ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက် ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တနင်္သာရီတိုင်း ဒေသကြီးဘဏ်ခွဲသည် ၂၀၁၂ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီကာလတွင် စပါးသီးနှံအပေါ်တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်သတ်မှတ်၍ ထားဝယ်၊ မြိတ်၊ ပုလော၊ ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်းဘဏ်ခွဲများမှ မိုးရာသီထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၅၂၀၄၅ ဒသမ ၅၀ သိန်း ထုတ်ချေးပေးရန်လျာထားရာ ဇွန် ၅ ရက်အထိ ကျေးရွာအုပ်စု ၆၈ အုပ်စု၊ တောင်သူ ၅၅၃၈ ဦးသို့ ဘဏ်ချေးငွေကျပ် ၁၅၃၄၁ ဒသမ ၅၀ သိန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)

18-6 (02).pmd 1 6/18/2012, 2:09 AM

◆ *ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသတင်းမှ*

ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ကြောင်း၊ ယင်းယဉ်ကျေးမှုများသည် နှစ်ပရိစ္ဆေဒကြာမြင့်ခြင်း၊ သဘာဝဘေးဒဏ်အမျိုးမျိုးခံစားရခြင်းတို့ကြောင့် ယိုယွင်းပျက်စီးမှုများ ရှိလာခဲ့ကြောင်း။

ရခိုင်ပြည်နယ် မြောက်ဦးဒေသနှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် ရခိုင်ရာဇဝင်အရ အေဒီ ၁၄၃၀ ၌ ဘုရင်မင်းစောမွန်က ပထမမြောက်ဦးကို တည်ထောင်ခဲ့ပြီး အေဒီ ၁၅၃၀ မှာ ဘုရင်မင်းဗာကြီးက ဒုတိယမြောက်ဦးကို တည်ထောင်ခဲ့ကြကြောင်း၊ မြောက်ဦးခေတ်သည် အေဒီ ၁၄၃၀မှ ၁၇၈၄ ခုနှစ်အထိ နှစ်ပေါင်း (၃၅၄) နှစ် ကြာရှည်ခဲ့ပြီး ယင်းကာလအတွင်းမှာ သဲကျောက်တုံးများဖြင့် ထုဆစ်တည်ဆောက်ထားသည့် ရှေးဟောင်းအမွေအနှစ်ဘုရားပုထိုး အမြောက်အမြား တည်ထားကိုးကွယ်ခဲ့ကြောင်း သိရကြောင်း၊ သို့သော်လည်း မျက်မှောက်ကာလ ကွင်းဆင်းစာရင်းကောက်ခံမှုအရ မြေပြင်၌ ၅၃၇ ဆူသာ ကျန်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ တည်ရှိသည့်အင်းဝမြို့ဟောင်းကို အေဒီ ၁၃၆၄ တွင် သတိုးမင်းဖျားက စတင်တည်ထောင်ခဲ့ပြီး ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရား အေဒီ ၁၈၄၀ အထိ နှစ်ပေါင်း (၄၀၀) ကျော်ကြာမြင့်ခဲ့ကြောင်း၊ နန်းတော်၊ မြို့ရိုး၊ သာသနိကအဆောက်အအုံပေါင်း မြောက်မြားစွာကို တည်ဆောက်ခဲ့ကြသည့်အနက် မျက်မှောက်ကာလကွင်းဆင်းကောက်ယူမှု မြေပြင်စာရင်းအရ ရှေးဟောင်းစေတီ၊ ပုထိုး၊ အဆောက်အအုံ စုစုပေါင်း (၄၉၆) ဆူသာ ကျန်ရှိတော့သည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။

ပြုပြင်ထိန်းသိမ်း

မြောက်ဦးဒေသနှင့် အင်းဝဒေသတို့၌ ယခုကျန်ရှိနေသည့် စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်နှင့် ရှေးဟောင်းအဆောက်အအုံများကို မိမိတို့တစ်တွေ မထိန်းသိမ်းမစောင့်ရှောက်နိုင်ဘူးဆိုလျှင် မိမိတို့၏မြေး၊ မြစ် နောင်လာနောက်သားများ လက်ထက်တွင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များ ဆက်လက်ကျန်ရစ်တော့မည် မဟုတ်ကြောင်း၊ ထို့ကြောင့် မြောက်ဦးဒေသနှင့် အင်းဝဒေသရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများနှင့် နန်းတော်ဆောင်များ၊ မြို့ရိုးများကို နိုင်ငံတော် ဘဏ္ဍာငွေဖြင့်လည်းကောင်း၊ တစ်ဦးချင်း စေတနာရှင် အလှူရှင်များ၏ အလှူငွေဖြင့် လည်းကောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုလည်း မြောက်ဦးဒေသမှာရှိသည့် စေတီ၊ ပုထိုးများအနက် စေတီ၊ ပုထိုး (၁၂) ဆူကို အင်္ဂါစုံပြုပြင်ထိန်းသိမ်းပြီး ဘုရား(၈)ဆူကို ပျက်ပုံအတိုင်း တိုးတက် မပျက်စီးအောင်ထိန်းသိမ်းရန်နှင့် အင်းဝဒေသမှာရှိသည့် ရှေးဟောင်းစေတီ၊ ပုထိုးများအနက် လတ်တလော ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော စေတီ၊ ပုထိုး (၂၉) ဆူကို ရှေးမူလက်ရာမပျက် အင်္ဂါစုံပြုပြင်ထိန်းသိမ်းရန်၊ ပြိုပျက်နေသည့် (၄၅) ဆူကို ပျက်ပုံအတိုင်း တိုးတက်မပျက်စီးအောင်ထိန်းသိမ်းရန်ဆိုပြီး စေတနာရှင်အလှူရှင်များကို အသိပေး ဖိတ်ခေါ်ခဲ့ကြောင်း။

ယင်းသို့ ဖိတ်ခေါ်ခဲ့သည့်အတွက် မြောက်ဦးဒေသက အင်္ဂါစုံပြုပြင်မည့် ဘုရား (၆)ဆူ၊ အင်းဝဒေသက အင်္ဂါစုံပြုပြင်မည့်ဘုရား (၂၉) ဆူ၊ ပျက်ပုံအတိုင်း ထိန်းသိမ်းမည့် ဘုရား (၁၆) ဆူ စုစုပေါင်း (၅၁) ဆူတို့ကို ပြုပြင်ထိန်းသိမ်းရန်အတွက် ငွေကျပ် (၇၉၃) သိန်းကို အလှူရှင်များက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြကြောင်း၊ စေတနာရှင်များ၏ လှူဒါန်းမှုအစုစုအတွက် အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားလိုကြောင်း။

ယခုကဲ့သို့ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းသည့်လုပ်ငန်းများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အနေနှင့် မူဝါဒ(၂)ချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမ "မူ" မှာ ရှေးဟောင်းအမွေအနှစ်များဖြစ်သည့်အတိုင်း ရှေးဟောင်းမူများနှင့်အညီ မူလလက်ရာ ပုံသဏ္ဌာန်မပျက်၊ ဆက်လက်တိုးတက်မပျက်စီးအောင် ပျက်ပုံအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းကို အဓိကဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒုတိယ "မူ" မှာ ရှေးဟောင်းအဆောက်အအုံများအနက် စေတီ၊ ပုထိုးများသည် မြန်မာ လူမျိုးတို့၏ ဘာသာတရားအရ ယုံကြည်ကိုးကွယ်ရာများဖြစ်သည်ဆိုသည့် ရှုထောင့်ကလည်း သုံးသပ်ပြီး အင်္ဂါစုံပြုပြင်ဆောင်ရွက်ပါကြောင်း၊ ထို့ကြောင့် ယင်းမူဝါဒများနှင့် အညီ အင်္ဂါစုံပြုပြင်တည်ဆောက်သင့်သည့်ဘုရား၊ ပုထိုးများနှင့် ပျက်ပုံအတိုင်းပင် ထပ်ပြီးတိုးတက် မပျက်စီးအောင် ထိန်းသိမ်းသွားသင့်သည့် ဘုရား၊ ပုထိုးများဆိုပြီး ခွဲခြားကာအလှူခံခဲ့ခြင်းဖြစ်ကြောင်း၊ ပြုပြင်ရာ၌လည်း ဌာနက တာဝန်ယူပြုပြင်သကဲ့သို့ အလှူရှင်များ စိတ်တိုင်းကျ မိမိကန်ထရိုက်နှင့်လည်း တိုက်ရိုက်ပြုပြင်နိုင်ကြောင်း၊ ယင်းသို့တိုက်ရိုက်ပြုပြင်မည်ဆိုလျှင် ရှေးမူလက်ရာမပျက်အောင်၊ နိုင်ငံတကာမူဝါဒနှင့်ညီညွတ်အောင်ဌာနပညာရှင်များက ကြီးကြပ်ပေးမည်ဖြစ်ကြောင်း။

ယင်းသို့ ပြုပြင်ရာ၌ ပြည်သူအများစုက ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အတွက် အင်္ဂါစုံ ပြင်မည့်ဘုရားများကိုပင် အားတက်သရောလှူဒါန်းကြကြောင်း၊ ပျက်ပုံအတိုင်း အရှိအတိုင်း ထိန်းသိမ်းမည့် ဘုရားများကိုလှူသည့်အလှူရှင် နည်းပါးကြောင်း။

ပျက်ပုံအတိုင်း၊ အရှိအတိုင်း ထိန်းသိမ်းရန် မိမိတို့စိစစ်ပြီး ရွေးချယ်ထားသည့် ဘုရား၊ ပုထိုးများက ရှေးဟောင်းလက်ရာ တန်ဖိုး Value ရှိသည့် ဘုရားများဖြစ်ကြောင်း၊ ယင်း Value ရှိသည့် ဘုရားများကို ၎င်းတို့၏ ရှိနေသည့် Value မပျက်စီးအောင် ပျက်ပုံအတိုင်း ထိန်းထားခြင်းဖြစ်၍ လှူဒါန်းသူအတွက် ဓာတုစေတီကို ပြုပြင်ရန် လှူဒါန်းမှုနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်ကိုပါ ထိန်းသိမ်းလိုက်ရသည့်အတွက် နှစ်မျိုးနှစ်ဖက် ပိုမို အကျိုးကျေးဇူးများပြားစေပါကြောင်း။

ရည်ရွယ်ဆောင်ရွက်

ထို့အပြင် အင်းဝဒေသ၊ ပုခန်းကြီးဒေသစသည့် ရှေးဟောင်းအမွေအနှစ်နေရာများနှင့် ရှေးဟောင်းနန်းတော်၊ ရှေးဟောင်းခံတပ်စသည့် သမိုင်းဝင်အဆောက်အအုံနေရာများကို ရှေးမူမပျက် တစ်ဖက်က ထိန်းသိမ်းရင်း တစ်ဖက်ကလည်း ပြည်တွင်းပြည်ပဧည့်သည်များ အဆင်ပြေလွယ်ကူစွာ သွားလာလေ့လာကြည့်ရှုနိုင်အောင် လိုအပ်သည့်လမ်းဖောက်လုပ်ခြင်း၊ မွမ်းမံပြုပြင်ခြင်း၊ သန့်ရှင်းရေး၊ လုံခြုံရေးဆောင်ရွက်ခြင်း၊ နားနေရန်နေရာများ၊ သန့်စင်ခန်းများတည်ဆောက်ခြင်း၊ Landscaping ပြုလုပ်ခြင်း၊ မြေပုံများ၊ ရှင်းလင်းချက်များ၊ လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ထားရှိခြင်း၊ ဘက်ထရီယာဉ်၊ လျှပ်စစ်ယာဉ်၊ လှည်းယာဉ်စသည့် ယာဉ်ငှားရမ်းပို့ဆောင်မှုများ ဆောင်ရွက်ခြင်း၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ထားရှိခြင်းစသည့် တိုးမြှင့်တည်ဆောက်မှုများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး Archaeological Park အဖြစ်လည်းကောင်း၊ Historical Park အဖြစ်လည်းကောင်း တိုးမြှင့်တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ Archaeological Park ၊ Historical Park များအဖြစ် မူဝါဒများနှင့်အညီ စနစ်တကျ တိုးမြှင့်ဆောင်ရွက်ပြီးနောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသများဖြစ်သည့် ပုဂံ၊ မြောက်ဦး၊ ပြဒါးလင်း၊ အင်းဝ စသည့်ဒေသများကို (World Heritage List) ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်အောင် UNESCO၊ ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းမှပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာ၌ ရှေးဟောင်းအမွေအနှစ်၏ နဂိုမူလလက်ရာ စစ်မှန်မှုဟုခေါ်သည့် Authenticity သည် အရေးကြီးသည့်အတွက် ရှေးဟောင်းစေတီ၊ ပုထိုး၊ ရှေးဟောင်းအဆောက်အအုံများပြုပြင်ရာ၌ As is it ဟုခေါ်သည့် ပျက်ပုံအတိုင်း တိုးတက်မပျက်စီးအောင် ထိန်းသိမ်းခြင်းဆိုသည့် ပြုပြင်မှုစံနှုန်းဖြင့် ယခုကတည်းက ကြိုတင်ပြီး ပြုပြင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ဆက်လက်ပြီး စေတနာသဒ္ဓါတရားပွားများနိုင်အောင် ရှင်းပြလိုသည်မှာ မန္တလေးတောင်ခြေ၌ သုဓမ္မာဇရပ် (၁၉)ဆောင်ရှိသည့်အနက် (၆)ဆောင်ကို နိုင်ငံတော် ဘဏ္ဍာငွေဖြင့်လည်းကောင်း၊ ကျန်သုဓမ္မာဇရပ် (၁၃)ဆောင်ကို ပြည်သူလူထု အလှူငွေဖြင့်လည်းကောင်း ပူးပေါင်းပြီး ရှေးမူလက်ရာမပျက် ပြုပြင်ထိန်းသိမ်းခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီဖြစ်သည့်အတွက် ပြီးခဲ့သည့် မေ ၂၂ ရက်က စုပေါင်းရေစက်ချပွဲကို မန္တလေးမြို့ သုဓမ္မာဇရပ်များ၌ အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ပုဂံဒေသမှာရှိသည့် လတ်တလောပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းစေတီ၊ ဘုရား (၆၃) ဆူကို ၂၀၁၁ ခုနှစ် ဩဂုတ်မှစတင်၍ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည့်အတွက် မကြာခင်အဆင်ပြေသည့်တစ်နေ့ ပုဂံမှာ စုပေါင်းရေစက်ချပွဲနှင့် အနေကဇာတင်ပွဲကို ကျင်းပသွားမှာဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယခုကဲ့သို့ စေတီ၊ ပုထိုးများ ပြုပြင်ရေးအတွက် လှူဒါန်းခြင်းသည် ထာဝရကုသိုလ်ပင် ဖြစ်ကြောင်း၊ ထာဝရကုသိုလ်ကို ပြုကြသည့် ပြည်သူများသည် ဥပမာ- ရေတွင်းတူးပြီး လှူဒါန်းလျှင် ထိုရေတွင်းမှရေကို အများပြည်သူခပ်ပြီး သုံးစွဲနေသရွေ့ လှူဒါန်းသည့်သူမှာ ကုသိုလ်ရနေသကဲ့သို့ စေတီ၊ ပုထိုးများ ပြုပြင်မွမ်းမံမှုဆိုလျှင်လည်း လှူဒါန်းလျှင်လည်း ထိုစေတီတည်ရှိနေသရွေ့ ပြည်သူများ ထိုစေတီတွင် ကိုးကွယ်မှုပြုနေသရွေ့ ကာလပတ်လုံး ထိုစေတနာရှင် အလှူရှင်အတွက် ကုသိုလ်အမြဲရနေမည် ဖြစ်ကြောင်း၊ ဤကုသိုလ်သည် လက်ရှိပစ္စုပ္ပန်တွင်လည်း အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ အနာမဲ့ခြင်း၊ စိတ်ချမ်းသာခြင်းဆိုသည့် အကျိုးတရားများရရှိသကဲ့သို့ နောင်သံသရာအတွက်လည်း အကျိုးတရားအထောက်အပံ့များရရှိမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ အလှူရှင်များက မြောက်ဦးဒေသနှင့် အင်းဝဒေသများ၌ရှိသည့် ရှေးဟောင်းစေတီ၊ ပုထိုးများကို ပြုပြင်ထိန်းသိမ်းရန်အတွက် အားတက်သရော လှူဒါန်းကြသည့်အတွက် နိုင်ငံတော်ကိုယ်စား၊ ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း မိမိတို့လှူဒါန်းပြုပြင်ခဲ့သည့် စေတီ၊ ဘုရားများ ပျက်စီးမှုမဖြစ်ပေါ်အောင်နှင့် အရှည်တည်မြဲအောင် အလှူရှင်များကပင် ဆက်လက်ပြီး ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ပေးကြပါဟု ပြောကြားသည်။

ထို့နောက် မြောက်ဦးဒေသနှင့် အင်းဝဒေသတို့ရှိ ရှေးဟောင်းစေတီ၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု (သား) သီဟသုဓမ္မမဏိဇောတရေ အကယ်ဒမီ ခန့်စည်သူမိသားစုက ငွေကျပ် (၅၇) သိန်း၊ ဦးမောင်မောင်ညွန့်-ဒေါ်စိုးစိုးဦး မိသားစုက ငွေကျပ် (၅၁) သိန်း၊ ဒေါ်ခင်အေးမြင့်က ငွေကျပ် (၂၉) သိန်း၊ ဦးရဲထွန်းခိုင်-ဒေါ်ခင်သန်းဌေးက ငွေကျပ် သိန်း (၂၀)၊ ဒေါ်မိုးသီတာက ငွေကျပ် (၁၅) သိန်း၊ ဗိုလ်ချုပ်ကတ်စိန်(ငြိမ်း) (ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်မြင့်မိသားစုက ငွေကျပ်(၂၅)သိန်း၊ ဦးခင်ကြူ (ဗမာတိုင်းရင်းသားဝန်ကြီး)-ဒေါ်မာမာလူမိသားစုက ငွေကျပ် (၄၅) သိန်း၊ ဗိုလ်မှူးမြင့်သောင်း (ငြိမ်း)-ဒေါ်ခင်ချိုဦး မိသားစုက ငွေကျပ် (၈၁) သိန်း၊ ဆရာလေးဒေါ်အညောသီ၊ ဦးကြည်ဝင်း-ဒေါ်သန်းသန်းမြ မိသားစုက ငွေကျပ် (၇၄)သိန်း၊ ဒေါ်တင်တင်မြင့်နှင့် သားသမီးများက ငွေကျပ် (၄၈)သိန်း၊ ဒေါ်ရီရီ၊ ဒေါက်တာဦးတင်မောင်ထွေး-ဒေါက်တာခင်လဲ့ယု မိသားစုက ငွေကျပ် (၄၁) သိန်း၊ ဦးအုန်းမြင့်နှင့် သားသမီးမြေးမိသားစုက ငွေကျပ် (၃၇) သိန်း၊ ဦးထင်အောင်ခိုင်- ဒေါ်မေဖြူသွယ် (Lucky Bird ကုမ္ပဏီ) မိသားစုက ငွေကျပ် (၃၂)သိန်း၊ ကျောင်းအမကြီး ဒေါ်တင်ညွန့်နှင့်မိသားစုနှင့် ဦးဝင်းဌေး-ဒေါ်နွယ်နွယ်ဝင်း မိသားစုတို့က ငွေကျပ် (၂၉)သိန်းစီ၊ ဦးအောင်ညွန့်သိန်း-ဒေါ်မာမာဦး မိသားစုက ငွေကျပ် (၂၈)သိန်း၊ ဒေါ်ခင်အေးလွင်၊ ဦးဇော်လွင် မောင်နှမသားသမီးမြေးမိသားစုက ငွေကျပ် (၂၇)သိန်း၊ဦးတင်ရွှေ-ဒေါ်အုန်းကြင် မိသားစုက ငွေကျပ် သိန်း (၂၀)၊ ဦးခင်အောင်-ဒေါ်ခင်မြင့်သူ မိသားစုက ငွေကျပ် (၁၈)သိန်း၊ ဦးကြည်ဝင်း-ဒေါ်အေးအေးမြင့် မိသားစုက ငွေကျပ် (၁၆)သိန်း၊ ဗိုလ်မှူးမြင့်ဌေး-ဒေါ်အေးမြင့် မိသားစုက ငွေကျပ် (၁၅)သိန်း၊ ဆရာမကြီး ဒေါ်ခင်အောင်၊ စက်ရုံမှူး ဦးမျိုးဟိန်း၊ ဒေါက်တာမျိုးသိန်း၊ ဆရာခင်မောင်ထွန်း မောင်နှမမိသားစုက ငွေကျပ် (၁၂)သိန်း၊ (ဦးအုန်းကြွယ်)-ဒေါ်တိုးမြိုင်၊ (ဒေါ်တင်တင်အေး)၊ ဒေါ်တင်တင်ဝင်း၊ ဦးတိုးလင်း-ဒေါ်ခင်ခင်ဌေး၊ ဦးဝေလွင်၊ ဒေါ်ခင်သင်းဖြူ၊ ဦးသက်ခိုင်ဦး-ဒေါ်မိုးမိုးလှိုင် မောင်နှမမိသားစုက ငွေကျပ် (၁၁)သိန်း၊ ဒေါက်တာထွန်းမင်းလတ်-ဒေါက်တာဝင်းမင်းစိုး မိသားစုက ငွေကျပ် (၁၀)သိန်း၊ ဦးဝင်းမြင့်-ဒေါ်ခင်စိုးမိသားစုနှင့် ဦးခင်မောင်တင်-ဒေါ်ညွန့်တင်မိသားစုတို့က ငွေကျပ် ကိုးသိန်းစီ၊ တရားလွှတ်တော်ရှေ့နေ ဦးသန်းဝင်းရွှေ မိသားစု၊ ဦးမောင်မောင်၊ ဒေါ်အုန်းဆင့်၊ ဒေါ်စန်းစန်းမြင့် (သူနာပြု-ငြိမ်း)၊ ဒေါ်ဖြူဖြူခင်၊ ဒေါ်နီနီခင်မိသားစုနှင့် ဦးဘမြိုင်-ဒေါ်စိန်ညွန့် မိသားစုတို့က ငွေကျပ် ရှစ်သိန်းစီ၊ ဗိုလ်ကြီး ရဲထွန်းနောင်- ဒေါ်ဖြိုးဟေမာခင် မိသားစု၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေး မိသားစုနှင့် ဦးသောင်းမြင့်-ဒေါ်ခင်နှင်းဝေ မိသားစုတို့က ငွေကျပ် ခြောက်သိန်းစီ၊ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်စန်း မိသားစုက ငွေကျပ် ငါးသိန်းနှင့် ဒေါ်သိန်းဌေး၏ (၇၈)နှစ်မြောက် မွေးနေ့အလှူ ငွေကျပ်နှစ်သိန်း တို့ကိုပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ရှေးဟောင်းစေတီ၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အင်းဝဒေသရှိ ဘုရားများ အင်္ဂါစုံပြုပြင်ရမည့်ဘုရား အဆူ (၂၉) ဆူရှိပြီး ပြုပြင်ရန် အလှူခံရရှိပြီး ဘုရားအဆူ (၂၉)ဆူအတွက် လှူဒါန်းငွေကျပ် (၆၀၈) သိန်း၊ အင်းဝဒေသရှိ ဘုရားများပျက်ပုံအတိုင်း ထိန်းသိမ်းရမည့်ဘုရား (၄၅) ဆူရှိပြီး ပြုပြင်ရန် အလှူခံရရှိပြီး ဘုရား (၁၆)ဆူအတွက် လှူဒါန်းငွေကျပ် (၃၃)သိန်း၊ မြောက်ဦးဒေသရှိ ဘုရားများအင်္ဂါစုံပြုပြင်ရန် ဘုရား (၁၂)ဆူရှိပြီး ပြုပြင်ရန် အလှူခံရရှိပြီး ဘုရား (၆)ဆူအတွက် လှူဒါန်းငွေကျပ် (၁၅၂)သိန်းဖြစ်ပြီး ယနေ့အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် (၇၉၃) သိန်းဖြစ်သည်။

အင်းဝဒေသရှိ ဘုရားများ ပျက်ပုံအတိုင်း ထိန်းသိမ်းရန် ဘုရား(၂၉)ဆူ၊ မြောက်ဦးဒေသဘုရားများ အင်္ဂါစုံပြုပြင်ရန် ဘုရား (၆)ဆူနှင့် မြောက်ဦးဒေသဘုရားများ ပျက်ပုံအတိုင်း ထိန်းသိမ်းရန် ဘုရား (၈)ဆူ ပြုပြင်ရန်ကျန်ရှိပြီး အဆိုပါဘုရားများပြုပြင်ရန်အတွက် လှူဒါန်းလိုသူများသည် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းရွှေဈေး ကမ္ဘာ့ရွှေဈေးနှင့်အပြိုင် မြင့်တက်လာ

ရန်ကုန် ဇွန် ၁၇

ယခုရက်သတ္တပတ်အတွင်း ရန်ကုန်ရွှေဈေးကွက်၌ အတက်ဘက်သို့ ဦးတည်လျက် ရှိနေသည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာခဲ့သည့်နောက်ပိုင်း ပြည်တွင်းရွှေဈေးကွက်၌လည်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အရောင်းအဝယ်မှာ အေးလျက်ပင်ရှိနေကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရှိရသည်။

"ကမ္ဘာ့ရွှေဈေးကလည်း တက်နေတယ်။ ဒေါ်လာဈေးကလည်း ဒီရက်ပိုင်း နည်းနည်းကျလာတယ်။ နောက်ပြီး ကျပ်တစ်သောင်းတန်ကလည်း ထွက်ပေါ်လာခဲ့တဲ့အတွက် ရွှေဈေးက ဆက်လက်မြင့်တက်နေရတယ်။ ဆိုင်တာမဆိုင်တာ အသာထားလို့ ငွေကြေးတန်ဖိုးပြောင်းလဲတာနဲ့ ရွှေဈေးကလည်း လှုပ်ခတ်မှုရှိတာ အချိတ်အဆက်လိုဖြစ်နေပါပြီ။ ဒါပေမယ့် ရွှေအထည်ဝယ်တဲ့ ဈေးကွက်ကတော့ ဈေးအေးနေတုန်းကလောက်မရှိတော့ဘဲ ပြန်ကျသွားတယ်။ အများစုက ဒီအချိန် ဈေးမြင့်လာရင် ပြန်ထုတ်ကြတာများတယ်" ဟု မဟာဗန္ဓုလလမ်းနှင့် လသာလမ်းထောင့်ရှိ နာမည်ကြီးရွှေဆိုင်တစ်ဆိုင်၏ ပိုင်ရှင်ဖြစ်သူက ပြောကြားသည်။

ရွှေဈေးမှာ ကမ္ဘာ့ရွှေပေါက်ဈေးအရ တစ်အောင်စလျှင် ဒေါ်လာ ၁၆၃၀ ရှိနေပြီး မြန်မာ့ရွှေဈေးမှာ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၇၂၆၃၀၀ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

"မိုးကာလဖြစ်တာကြောင့် အခြားကုန်စည်တွေလိုပဲ ရွှေအထည်ဈေးကွက်လည်း အရောင်းအဝယ်ပါးပါတယ်။ နောက်ပြီး ရွှေဆိုတာ အဆင်တန်ဆာဖြစ်တာကြောင့် ငွေပိုငွေလျှံရှိသူတွေပဲ ဝယ်ကြတာလေ။ အခုလိုမျိုးဈေးလည်း တက်တဲ့အချိန်ဆိုတော့ ဝယ်စုတဲ့သူတွေပဲ အများဆုံးအတုံးဝယ်ကြတယ်။ အထည်ကတော့ ဝယ်သူ တော်တော်ပါးနေတယ်" ဟု လှည်းတန်းရှိ ရွှေဆိုင်တစ်ဆိုင်မှ အရောင်းတာဝန်ခံတစ်ဦးက ပြောပြသည်။ ***ခင်ရတနာ***

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက မြို့နယ်အဆင့်ဌာနဆိုင်ရာများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်စဉ်။ (မြို့နယ်ထွေ/အုပ်)

ပေးအပ်လှူဒါန်း

ဇွန် ၇ရက်က လှိုင်မြို့နယ် အမှတ် (၁၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးက အလက (၆)လှိုင်၊ အမက (၂၃) လှိုင်၊ အမက(၁၇) လှိုင် ကျောင်းများသို့ ပညာရေးထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရာ ရပ်ကွက်အတွင်းမှ လှူဒါန်းသော ဗလာစာအုပ် ၆၄ ဒါဇင်နှင့် အလှူငွေကျပ် ၄၅၀၀၀၀ ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းညွန့်က တာဝန်ရှိသူတစ်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (၁၂၂)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ် နယုန်လကွယ်နေ့ (ဥပုသ်နေ့)
၁၈-၆-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၀ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၃၀ နံနက်ခင်းသတင်း
၈:၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်

ညပိုင်း

၄:၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၁၅ လူကုန်ကူးမှုဆိုင်ရာ ပညာပေးအစီအစဉ်
၆:၀၀ ညနေခင်းသတင်း
၆:၁၅ မိုးလေဝသအခြေအနေ
၆:၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
၈:၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- ကမ္ဘာကျော်သရုပ်ဆောင်များ

မြန်မာ့အလင်း

ရုရှားနှင့် ပြင်သစ်ရေတပ်များ ဘာရင့်ပင်လယ်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်

မော်စကို ဇွန် ၁၇

ရုရှားနှင့် ပြင်သစ်တို့၏ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဘာရင့်ပင်လယ်ပြင်၌ ဇွန် ၁၇ ရက်တွင် စတင်ပြုလုပ်လျက်ရှိကြောင်း ရုရှားမြောက်ပိုင်းရေတပ်အရာရှိများက သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

ပူးတွဲလေ့ကျင့်

ထိုသို့နှစ်နိုင်ငံရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် စစ်သင်္ဘောများ၊ လေယာဉ်တင်သင်္ဘောကြီးများ၊ ဖျက်သင်္ဘောများနှင့် တိုက်ခိုက်ရေးအမြန်ရေယာဉ်များပါဝင်သည်။ ထို့အပြင် ရေပြင်မှ မြေပြင်ပစ်မှတ်များသို့ ပစ်ခတ်တိုက်ခိုက်မှုများကိုလည်း ပူးတွဲလေ့ကျင့်ခဲ့ကြသည်။

တစ်ဖန် ရေပြင်စစ်ဆင်ရေးကာလအတွင်း ဆက်သွယ်ရေးစနစ်များ၊ စစ်သင်္ဘောများ လောင်စာဆီဖြည့်တင်းမှုများနှင့် ထောက်ပံ့ရေးသင်္ဘောများ၏ ပူးတွဲလေ့ကျင့်မှုများလည်း နှစ်နိုင်ငံရေတပ်များက ပူးပေါင်းလေ့ကျင့်မှုများ ပြုလုပ်ကြသည်။ စစ်ရေးလေ့ကျင့်ရာတွင် ရုရှားကမ်းတက်စစ်သင်္ဘောကြီး အလက်ဇန္ဒြားအော့တရာကော့ဗ်စကီးနှင့် ပြင်သစ်ဖျက်သင်္ဘောဒီဂရက်စီတို့ကလည်း စစ်ဆင်လေ့ကျင့်မှုများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ပြင်သစ်ဖျက်သင်္ဘောဒီဂရာဆီသည် ရုရှားရေတပ်အခြေစိုက်စခန်း ဆီဗီရိုမော့ခ်သို့လည်း မကြာမီက ရောက်ရှိခဲ့သည့်သင်္ဘော ဖြစ်သည်။ ယခင်က ရုရှားနှင့် ပြင်သစ်နှစ်နိုင်ငံတို့၏ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို ၂၀၁၀ ခုနှစ်က နောက်ဆုံးအကြိမ် ပြုလုပ်ခဲ့ပြီးနောက် ယခုအခါ အသစ်ပြန်လည်လေ့ကျင့်မှုများ ပြုလုပ်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ တောင်ကုန်းများလေ့လာရန် ကာရော့စီတီလေ့လာရေးယာဉ် နာဆာစေလွှတ်မည်

ဝါရှင်တန် ဇွန် ၁၇

အင်္ဂါဂြိုဟ်မျက်နှာပြင်ကို လေ့လာရန်အတွက် အင်္ဂါဂြိုဟ်ဆင်းယာဉ်တစ်စင်းကို လာမည့်ဩဂုတ်တွင် စေလွှတ်ရန် နာဆာက စီစဉ်လျက်ရှိကြောင်း၊ ယင်းအင်္ဂါဂြိုဟ်ဆင်းလေ့လာရေးယာဉ်တွင် အထူးတပ်ဆင်ထားသော စက်ရုပ်လက်တံဖြင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ တောင်ကုန်းများကို အသေးစိတ်လေ့လာသွားမည်ဖြစ်ကြောင်း နာဆာမှ ဇွန် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာရော့စီတီဟုအမည်ပေးထားသော ၎င်းအာကာသယာဉ် **(အပေါ်ပုံ)** သည် အင်္ဂါဂြိုဟ် မျက်နှာပြင်၏ ဓရိယာထက်ဝက်ကို နေရာအနှံ့သွားရောက်ကာ စူးစမ်းလေ့လာမှုများ ပြုလုပ်မည်ဖြစ်သည်။ အထူးသဖြင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ ကုန်းမြင့်များ မည်သည့်အတွက်ကြောင့် ဖြစ်ပေါ်လာရသည်ကို လေ့လာမည်ဖြစ်သည်။

ထို့အပြင် အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ ဂေးဟုအမည်ပေးထားသော အမြင့် ၅ ကီလိုမီတာရှိသည့် မီးတောင်ထိပ်ဝအထိတက်ရောက်ကာ ကာရော့စီတီယာဉ်က အသေးစိတ်လေ့လာသုတေသနပြုပြီး မြေပြင်စခန်းသို့ သတင်းအချက်အလက်နှင့် ဓာတ်ပုံများ ပြန်လည်ပေးပို့မည်ဖြစ်သည်။

တစ်ဖန် ကာရော့စီတီလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ ဂေးဟု အမည်ပေးထားသော ပတ်လည်အကျယ်မိုင် ၁၀၀ ခန့်ရှိသည့် မီးတောင်ထိပ်ဝ ချိုင့်ဝှမ်းကြီးအတွင်း ဆင်းသက်ကာ လေ့လာမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ ၎င်းကာရော့စီတီလေ့လာရေးယာဉ်ကို လာမည့်ဩဂုတ် ၆ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၃၁ မိနစ်၌ လွှတ်တင်ရန်စီစဉ်ထားပြီး အင်္ဂါဂြိုဟ်မျက်နှာပြင်၌ အချိန်နှစ်နှစ်ခန့်မျှ လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

မိခင်နို့ချိုရည်သည် HIV ပိုးအား တိုက်ဖျက်နိုင်စွမ်းရှိဟု သုတေသနပြုဖော်ထုတ်

နယူးယောက် ဇွန် ၁၇

အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုများ၏ ၁၅ ရာခိုင်နှုန်းကျော်သည် ကလေးသူငယ်များတွင် ဖြစ်ပွားလျက်ရှိနေသည်။ ဆေးဝါးကုသမှုမခံယူရဘဲနှင့် အိတ်ချ်အိုင်ဗွီ ရောဂါပိုးကူးစက်ထားသူ ကလေးသူငယ်များ၏ ၆၅ ရာခိုင်နှုန်းခန့်မှာ တစ်နှစ်အထိ အသက်ရှင်သန်ကြသည်။ ဖြစ်ပွားသူဦးရေ၏ တစ်ဝက်ထက်ပိုနည်းသော ရောဂါသည်ကလေးများမှာ နှစ်နှစ်သားအထိ အသက်ရှင်ကြသည်။

မိခင်နို့ချိုတိုက်ကျွေးမှုသည် အိတ်ချ်အိုင်ဗွီပိုးများ ကူးစက်ပြန့်ပွားမှုကိုဖြစ်စေသည်ဟု ယခင်က မှတ်ယူထားသော်လည်း နို့စို့အရွယ်ကလေးများစွာတွင် မိခင်နို့ချိုကို အချိန်ကြာမြင့်စွာ အထပ်ထပ်သောက်သုံးနေပေမယ့် ရောဂါပိုးကူးစက်ပြန့်ပွားမှုများ မရှိပေ။

ထိုပဟေဠိပြဿနာအတွက် မိခင်နို့ချိုက ရောဂါပိုးတစ်ဆင့်ကူးစက်စေခြင်း သို့မဟုတ် ရောဂါပိုးအား ကာကွယ်နိုင်ခြင်းဆိုသည့် အဖြေမှာ အိတ်ချ်အိုင်ဗွီ သုတေသနပညာရှင်တို့ကို များစွာအလုပ်ပေးဦးနှောက်ရှုပ်စေလျက်ရှိသည်။

ဝိရောဓိပေါ်ပေါက်နေသော ထိုသုတေသနစိန်ခေါ်မှုကို အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနား ဆေးပညာတက္ကသိုလ်၏ သုတေသနအသစ်ပြုမှုက ရှင်းလင်းအဖြေထုတ်နိုင်ခဲ့ပြီဖြစ်သည်။ လူ့မိခင်နို့ရည်ကို ကြွက်ပေါက်လေးများဖြင့် စမ်းသပ်သုတေသနပြုမှုတွင် ရောဂါပိုးသေစေနိုင်စွမ်းသော အာနိသင်များစွာရှိနေပြီး အိတ်ချ်အိုင်ဗွီရောဂါပိုး ခံတွင်းပါးစပ်မှတစ်ဆင့် ကူးစက်ခြင်းကိုကာကွယ်နိုင်ကြောင်း အဖြေထုတ်နိုင်ခဲ့သည်။

"မိခင်နို့ရည်ရဲ့ အံ့ဖွယ်အာနိသင်အစွမ်း အနှစ်သာရက အိတ်ချ်အိုင်ဗွီပိုးကို တိုက်ဖျက်ပစ်နိုင်ပြီး တစ်ဆင့်ခြားကူးစက်ခြင်းကို ကာကွယ်ပေးနိုင်ကြောင်း ယခုသုတေသနက အဖြေဖော်ထုတ်နိုင် ခဲ့ပါပြီ" ဟုသုတေသနအဖွဲ့မှ အကြီးတန်းတာဝန်ရှိသူ ဂျေဗစ်တာဂါစီယာက ပြောကြားသည်။

ဂါစီယာနှင့် ၎င်းတို့သုတေသနအဖွဲ့သည် ပထမဦးဆုံး လမ်းသစ်ထွင်ဖန်တီးမှုအဖြစ် တိရစ္ဆာန်တို့တွင် ကိုယ်ပိုင်ကိုယ်ခံအားစနစ်မရှိစေဘဲ လူ့ ရိုးတွင်းခြင်ဆီ၊ အသည်းနှင့် သွိုင်းမက်စ်တစ်သျှူးများ ၎င်းတို့ကိုယ်တွင်းထည့်သွင်းပေးကာ လူသားမျိုး ဗီဇသက်ဝင်နေသောကြွက်ငယ်လေးများကို မွေးဖွားပေးခဲ့သည်။ ***(အပေါ်ပုံ)***

ထိုကြွက်ငယ်လေးများသည် လူသားကိုယ်ခံအားစနစ်၏ လုပ်ငန်းစဉ်များ ပြည့်စုံပြီး မြောက်စွာပိုင်ဆိုင်သွားပြီး အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရမှုလက္ခဏာများ ပြသရာတွင်လည်း လူသားတို့နှင့် တူညီစွာဖြစ်ပေါ်ခဲ့သည်။ ***(အင်တာနက်)***

နိုင်ငံတကာသတင်းအတိုအထွာ ၁၇-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

ပါကစ္စတန် အနောက်မြောက်ပိုင်းဈေးတစ်ဈေး၌ ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ အနောက်ပိုင်း လူမျိုးစုများနေထိုင်ရာ ခိုင်ဘာဒေသရှိ ဈေးတစ်ဈေးတွင် ဇွန် ၁၆ ရက် နံနက်က ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် အနည်းဆုံး ၁၁ ဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်ပြန်သည်။အဆိုပါ ဗုံးပေါက်ကွဲမှုသည် ခိုင်ဘာဒေသ လန်ဒီကိုတာမြို့၏ အဓိကဈေးတစ်ဈေးအတွင်း ယင်းနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပါကစ္စတန်အနောက်ပိုင်း အာဖဂန်နစ္စတန်နယ်စပ် လူမျိုးစုများနေထိုင်ရာဒေသရှိ အစိုးရတပ်ဖွဲ့အား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းကို ချက်ချင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း၊ အစိုးရငြိမ်းချမ်းရေးကို လိုလားသည့် အုပ်စုတစ်စုအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်နိုင်ကြောင်း သတင်းမီဒီယာသမားအချို့ကပြောကြားသည်။ ဒဏ်ရာရသူများကို အနီးရှိဆေးရုံသို့ပို့ပေးထားကြောင်း၊ ပေါက်ကွဲမှုကြောင့် ဆိုင်အချို့နှင့် မော်တော်ယာဉ်အချို့လည်း ပျက်စီးခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ဘရူနိုင်း၌ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးတွေ့ရှိ

ဘရူနိုင်းနိုင်ငံ ဆာလီဟာအရပ်တွင် ဒုတိယကမ္ဘာစစ်အတွင်း ဗုံးတစ်လုံးကို ဇွန် ၁၆ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း ဘရူနိုင်းရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။ အဆိုပါဗုံးကို ဂျန်ရာဂျာ အစ်တီရီပင်ဂျီရန်အနက်ဆာလီဟာလမ်းမကြီးကို ပြုပြင်ရန် မြေကြီးများတူးဖော်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းမှာ အရွယ်အစားသေးငယ်သော်လည်း ပေါက်ကွဲမှုပြင်းထန်သော ဗုံးအမျိုးအစားဖြစ်သည်။ ၎င်းဗုံးမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်ဘက်လေယာဉ်များက ဘရူနိုင်းနိုင်ငံအပေါ် ကြဲချခဲ့သည့်ဗုံးများအနက် မပေါက်ကွဲသေးသော ဗုံးတစ်လုံးဖြစ်ကြောင်း ဘရူနိုင်းရဲတပ်ဖွဲ့ကပြောကြားသည်။ ယခုအခါ အဆိုပါဗုံးကို ပေါက်ကွဲမှုမဖြစ်ပွားစေရန် ကျွမ်းကျင်သူများက ဖယ်ရှားရှင်းလင်းလိုက်ပြီဖြစ်ကြောင်း၊ ယင်းဗုံးအမျိုးအစားများ ထပ်မံတွေ့ရှိနိုင်သဖြင့် အလုပ်သမားများအား လုပ်ငန်းခွင်၌ သတိထားလုပ်ကိုင်ရန် ရဲတပ်ဖွဲ့အရာရှိများက သတိပေးထားသည်။

ပါရာဂွေးနိုင်ငံ အက်ဆန်ကန်မြို့၌ တိုက်ခိုက်မှုဖြစ်ပွား

ပါရာဂွေးနိုင်ငံ အက်ဆန်ကန်မြို့တွင် ဇွန် ၁၆ ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများအကြား လယ်ယာမြေအပေါ် အငြင်းပွားမှုများ ဖြစ်ပေါ်ပြီး တိုက်ခိုက်မှုများဖြစ်ပွားရာ အနည်းဆုံး ၁၇ ဦးသေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အက်ဆန်ကန်မြို့မှ သတင်းထောက်များက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုသည် အက်ဆန်ကန်မြို့အရှေ့မြောက်ဘက် ကီလိုမီတာ ၄၃၀ အကွာရှိ ပုဂ္ဂလိကပိုင် မွေးမြူရေးခြံကြီးတစ်ခြံ၌ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦး ပိုင်ဆိုင်သော ဟက်တာ ၂၀၀၀ ကျယ်ဝန်းသည့် အဆိုပါ မွေးမြူရေးခြံအတွင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ဒေသခံ ၁၇ ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိများက ပြောကြားသည်။ ***(အင်တာနက်)***

ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်၊ ရှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၇

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့အတွင်း ရှီးယိုက်များကို ပစ်မှတ်ထား ကားဗုံးခွဲတိုက်ခိုက်မှုတွင် ရှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(ယာပုံ)**

ဘဂ္ဂဒက်မြို့တော် မြောက်ဘက်ပွဲတော်တစ်ခုမှ ပြန်လာကြသည့် ရှီးယိုက်များအား ဇွန် ၁၆ ရက်မွန်းလွဲက ကားဗုံးခွဲ တိုက်ခိုက်ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

ရှုအာနာဒေသအနီး လမ်းမပေါ်တွင် ကားဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး ၁၅ ဦး ဒဏ်ရာရသွားသည်။ သို့သော် ဆေးရုံသတင်းများအရ ဒဏ်ရာရသူ ၂၁ ဦးရှိသည်ဆို၏။ **(အင်တာနက်)**

ကင်ညာ၌ ဓာတ်ဆီတင်မော်တော်ယာဉ်မီးလောင်

မာလာဘာ ဇွန် ၁၇

ယူဂန္ဒာနယ်စပ်အနီး ကင်ညာနယ်စပ်မြို့ဖြစ်သည့် မာလာဘာမှ ၁၅ ကီလိုမီတာအကွာ ကိုတေကိုဒေသတွင် ယူဂန္ဒာသွားမည့် ဓာတ်ဆီတင်မော်တော်ယာဉ် မီးလောင်ပေါက်ကွဲမှုကြောင့် လူနှစ်ဦး မီးလောင်သေဆုံးသွားကြောင်း အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ကင်ညာအရာရှိများက ပြောကြားသည်။

ဓာတ်ဆီတင်မော်တော်ယာဉ် မီးလောင်ပေါက်ကွဲမှုတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးစလုံး မီးလောင်သေဆုံးသွားကြောင်း ဒေသခံရဲအရာရှိကြီး အယ်ဖတ်ကိုရာက ဇွန် ၁၅ ရက်တွင် ပြောကြားသည်။ အဆိုပါ လောင်စာဓာတ်ဆီတင်ယာဉ်သည် ဓာတ်ဆီလီတာ ၃၅၀၀၀ တင်ဆောင်လာပြီး ကင်ညာနိုင်ငံမှ ယူဂန္ဒာနိုင်ငံ ကမ်ပါလာသို့သွားမည့်ယာဉ်ဖြစ်သည်။ ကားဘီးပေါက်ပြီး မထိန်းနိုင်မသိမ်းနိုင်ဖြစ်ကာ မီးလောင်ပေါက်ကွဲသွားရခြင်း ဖြစ်သည်။

(အင်တာနက်)

တရုတ် အရှေ့ပိုင်းတွင် အဆောက်အအုံပြိုကျ

ဟန်ကျိုး ဇွန် ၁၇

တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်ပြည်နယ်တွင် ဇွန် ၁၆ ရက် နံနက်က ဆောက်လုပ်ဆဲ အဆောက်အအုံတစ်ခု ပြိုကျသဖြင့် ၁၃ ဦး ပိတ်မိနေကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားသည်။ ထိုပြည်နယ် ကျာဆင်မြို့ ကျာဆင်ဆိပ်ကမ်းနှင့် ဖွံ့ဖြိုးရေးဇုန်မှ ဆောက်လုပ်ဆဲအဆောက်အအုံမှာ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီ ၂၄ မိနစ်က ပြိုကျခြင်းဖြစ်ကြောင်း မီးသတ်ဌာနက ကြေညာသည်။ ပြိုကျသည့် အပျက်အစီးများကြားမှ လူ ၁၂ ဦးကို ကယ်ထုတ်နိုင်သဖြင့် ၎င်းတို့အားလုံးကို ဆေးရုံသို့ တင်ပို့လိုက်ရသည်ဆို၏။ ကျန်တစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆက်လက်ရှာဖွေလျက်ရှိသည်။ **(ဝဲပုံ)** **(အင်တာနက်)**

▲ ရှေ့ဖုံးမှ

မြို့မိ မြို့ဖများအားလည်း တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် ရသေ့တောင်မြို့သို့ရောက်ရှိကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်က မြို့နယ်၏ တည်ငြိမ်အေးချမ်းမှုရှိသည့် အခြေအနေများ၊ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်လာသူများအတွက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က လတ်တလောဖြစ်ပွားခဲ့သည့် ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၏ အခြေအနေများ၊ မလိုလားအပ်သည်များ ဖြစ်ပွားမှုမရှိဘဲ တည်ငြိမ်အေးချမ်းမှုရှိသည့် ရသေ့တောင်မြို့နယ်၏အနေအထားကို ထိန်းသိမ်းထားရန် လိုအပ်မှုများ၊ နေအိမ်မီးလောင်ဆုံးရှုံးသူများနှင့်တိမ်းရှောင်လာသူများ၏ စားရေး၊ နေရေး၊ ကျန်းမာရေး၊ မိမိဒေသသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး မြို့မိ မြို့ဖများ၏တင်ပြချက်များနှင့် စပ်လျဉ်း၍လည်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ အခြားဒေသများမှ တိမ်းရှောင်လာသူများအား ကျန်းမာရေး၊ နေထိုင်စားသောက်ရေးကိစ္စများကို မေးမြန်းကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး လှမင်းနှင့်အဖွဲ့ဝင်များသည် ကျောက်တော်မြို့သို့လည်း ဝင်ရောက်၍ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စများ မှာကြားသည်။

ထို့နောက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့က ယခုအခါ ပြဿနာဖြစ်ပွားသည့် မြို့နယ်အချို့တွင် တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီဖြစ်ကြောင်း၊ ယနေ့ရောက်ရှိခဲ့သည့် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်နှင့် ပေါက်တောမြို့နယ်တို့၌ မလိုလားအပ်မှုများ ဖြစ်ပွားခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုများကို ဆက်လက်ထိန်းသိမ်းထားရန်လိုကြောင်း၊ အဖျက်အမှောင့် ကောလာဟလများကို မယုံကြည်ကြရန် အထူးအရေးကြီးကြောင်းဖြင့် မှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဒေသအတွင်းမှ တိမ်းရှောင်လာသူများအတွက် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ်မိုးရာသီအတွင်း သစ်ပင်ပျိုးပင် နှစ်သန်းကျော်စိုက်ပျိုးမည်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးအတွင်း ယခုနှစ်မိုးရာသီကာလအတွင်း၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်ပြီး သစ်ပင်ပျိုးပင်ပေါင်း နှစ်သန်းကျော် စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"မိုးရာသီဆိုရင် အမြဲတမ်းသစ်ပင်တွေစိုက်ပါတယ်။ ရာသီဥတုကောင်းမွန်ဖို့အတွက်ရော၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့အတွက်ရော အဓိကထားပြီး စိုက်ပျိုးပါတယ်။ ဒီနှစ်အတွက် လျာထားတဲ့အပင်တွေကတော့ ပျိုးပင်လေးတွေပါမယ်။ အရိပ်ရအပင်တွေလည်းပါမယ်။ ကျွန်းနဲ့ ထန်းပင်တွေ၊ အခြားအလှသစ်ပင်လေးတွေလည်းပါဝင်ပြီး အားလုံးပေါင်းကတော့ အပင်နှစ်သန်းကျော်ဖြစ်ပါတယ်။ ခရိုင်အလိုက်၊ ဇုန်အလိုက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းတွေ၊ အခြားလူမှုရေးအဖွဲ့အစည်းတွေပူးပေါင်းပြီး လက်ရှိမှာ မြို့နယ်အလိုက်၊ ခရိုင်အလိုက် စတင်စိုက်ပျိုးလျက်ရှိနေပါပြီ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ကလည်း ပန်းဥယျာဉ်တွေအတွင်းမှာ စတင်စိုက်ပျိုးနေပါပြီ"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူက ရှင်းပြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းများကို ဇူလိုင် ၃၁ ရက်အထိ သတ်မှတ်ပြီး ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင်ပါ ဆောင်ရွက်လျက်ရှိကြသည်။

စိုက်ပျိုးပေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းခြံများနှင့် ကစားကွင်းများ၊ လမ်းမကြီးများ၏ ပလက်ဖောင်းများနှင့် လမ်းအလယ်ဘလောက်တုံးများအပြင် ယခုနှစ်၌ စက်မှုဇုန်များနှင့် တိုးချဲ့မြို့သစ်များတွင်ပါ စိုက်ပျိုးပေးသွားရန်ရှိကြောင်း သိရှိရသည်။

သွန်းဝသန်

ဇွန် ၉ ရက်က မုဒုံမြို့နယ်စည်ပင်သာယာရေးဝန်ထမ်းမိသားစုက မုဒုံမြို့ ဘိုးဘွားရိပ်သာအတွက် အဝတ်လျှော်စက်တစ်လုံးလှူဒါန်းရာ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှသိန်း လက်ခံယူစဉ်။ (မြန်မာ့အလင်း)

နိုင်ငံသားကတ်ဆောင်ရွက်

ဇွန် ၁၅ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း စံပယ်ဆောင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၊ အနောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးနှင့်အဖွဲ့တို့ကြီးကြပ်၍ မိုးပွင့်အဆင့်(၃) စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးစဉ်။ (၀၁၅)

ပြင်သစ်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အောက်လွှတ်တော် ရွေးကောက်ပွဲရလဒ်အရေးပါ

တိုး - ရေးသားသည်

ပြင်သစ်သမ္မတ ရွေးကောက်ပွဲအပြီး တစ်လကျော်အကြာတွင် ပြင်သစ်အောက်လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပရာ ပြင်သစ်သမ္မတသစ် ဖရန်ဆွာဟော်လန်၏ ဆိုရှယ်လစ်များနှင့် မဟာမိတ်များအဖို့ အောက်လွှတ်တော်ပထမဆင့် ရွေးကောက်ပွဲတွင် မဲအများစုရရှိသွားခဲ့သည်။ ဆိုရှယ်လစ်တို့က မဲ၄၆ရာခိုင်နှုန်း၊ ယူအမ်ပီပါတီနှင့် မဟာမိတ်တို့က ၃၄ ရာခိုင်နှုန်းဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ၄၆ သန်းအနက် မဲရုံသို့ လာရောက်ဆန္ဒမဲပေးသူများမှာ ၅၇ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ အောက်လွှတ်တော်တွင်အမတ် နေရာ ၅၇၇ နေရာရှိသည့်အနက် ပထမအဆင့် ရွေးကောက်ပွဲ၌ အမတ်နေရာ ၃၆ နေရာသာလျှင်ရွေးချယ်ပေးနိုင်သည်။ ကျန်သည့် အမတ်နေရာများကို နောက်တစ်ပတ်ပြုလုပ်မည့် ဒုတိယဆင့်ရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးရမည်ဖြစ်သည်။

ဥရောပနိုင်ငံများမှာ ၂၀၀၈ခုနှစ်တွင် ဆိုးရွားသောဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်လာခဲ့ရပြီးနောက် လွန်ခဲ့သည့်လအနည်းငယ်အတွင်းတွင် အခြေအနေမှာ ပိုမိုဆိုးရွားလာသည်။ ထိုသို့သောအချိန်တွင် ပြင်သစ်ရွေးကောက်ပွဲ၌ လက်ရှိသမ္မတ နီကိုလပ်ဆာကိုဇီကို ဆိုရှယ်လစ်ဝါဒီ မစ္စတာဟော်လန်က အနိုင်ယူလိုက်သည်။ ထို့ပြင် ဂရိရွေးကောက်ပွဲနှင့်လည်း တိုက်ဆိုင်နေသည်။ ဂရိရွေးကောက်ပွဲတွင် အနိုင်ရပါတီများရှိသော်လည်း မည်သည့်ပါတီမှ မဲအပြတ်အသတ်မရရှိသည့်ပြင် ညွန့်ပေါင်းအစိုးရအဖွဲ့ပင် ဖွဲ့နိုင်ခြင်းမရှိသဖြင့် ကြားဖြတ်အစိုးရဖွဲ့ရသည်အထိ ခြိုးခြံချွေတာရေးမူဝါဒများကို မဲဆန္ဒရှင်များက မခံမရပ်နိုင်အောင် ဆန့်ကျင်လာခဲ့ကြောင်း တွေ့ရပေသည်။

ပြင်သစ်ဆိုရှယ်လစ်သမ္မတ မစ္စတာဟော်လန်သည် ငါးနှစ်တာသက်တမ်းအတွက် တာဝန်ထမ်းဆောင်ရန် မေ ၁၅ ရက်က ကျမ်းသစ္စာကျိန်ဆိုလိုက်သည်။ မေ ၁၇ ရက်က ပြင်သစ်အစိုးရသစ်၏ ပထမဆုံးအကြိမ် အစည်းအဝေးကျင်းပကာ သမ္မတ မစ္စတာဟော်လန်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ လစာကို ၃၀ ရာခိုင်နှုန်းလျှော့ချဖြတ်တောက်ရန်ဆုံးဖြတ်လိုက်သည်။ ယင်းမှာ သမ္မတရွေးကောက်ပွဲ မဲဆွယ်ဟောပြောစဉ်က ကတိတစ်ခုဖြစ်သည်။ သို့ဖြင့် သမ္မတသစ်၏ လစာမှာ ယူရို ၂၁၃၀၀ မှ ၁၄၉၁၀ ယူရိုသို့လျှော့နည်းသွားရသည်။ ဤလုပ်ရပ်မှာ လစာတိုးယူရန်ဆုံးဖြတ်ခဲ့သည့် သမ္မတဟောင်း နီကိုလပ်ဆာကိုဇီနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။

သို့သော် အတိုက်အခံယူအမ်ပီပါတီက သမ္မတဆာကိုဇီ၏ပထမအကြိမ်အစိုးရအဖွဲ့မှ ဝန်ကြီးဦးရေထက် သမ္မတအဖွဲ့အစိုးရ၏ ဝန်ကြီးဦးရေက ၁၄နေရာ ပိုများကြောင်း ထောက်ပြဝေဖန်လိုက်သည်။

သမ္မတသစ် မစ္စတာဟော်လန်၏ အစိုးရအဖွဲ့တွင် အမျိုးသားနှင့်အမျိုးသမီးဦးရေ အညီအမျှပါဝင်ဖွဲ့စည်းသည်မှာ ထူးခြားမှုတစ်ရပ်ဖြစ်သည်။

ပြင်သစ်သမ္မတသစ် မစ္စတာဟော်လန်သည် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့ ညနေပိုင်းတွင် ဂျာမနီဝန်ကြီးချုပ် မီးစ်မာကဲနှင့်အတူ ညစာစားပွဲတက်ရောက်ရန် ဂျာမနီနိုင်ငံသို့ လေယာဉ်ဖြင့်သွားရောက်သည်။

ယူရိုဇုန်တွင် ဂျာမနီနှင့် ပြင်သစ်တို့သည် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံများဖြစ်သည့်အားလျော်စွာ ကယ်ဆယ်ထောက်ပံ့ရေးရန်ပုံငွေများကို အများဆုံးထည့်ရသည့်နိုင်ငံများဖြစ်ကြသည်။ ထို့ကြောင့် ဥရောပကို အကျပ်အတည်းများမှ ဆွဲထုတ်ရန်အတွက် မဟာဗျူဟာချမှတ်ရာတွင် အဓိကအဆုံးအဖြတ်ပေးရသည့် နိုင်ငံများဖြစ်ကြသည်။

ပြင်သစ်သမ္မတသစ်သည် ဂျာမနီခရီးမှ အပြန်တွင် မေ ၁၇ ရက်က အစိုးရအဖွဲ့၏ ပထမဆုံးအကြိမ်အစည်းအဝေးခေါ်ယူခဲ့သည်။ ယင်းနောက် အမေရိကန်သမ္မတအိုဘားမားနှင့်တွေ့ဆုံဆွေးနွေးရန် မေ ၁၈ ရက်က ဝါရှင်တန်သို့ သွားရောက်ခဲ့သည်။

ပြင်သစ်သမ္မတ မစ္စတာဟော်လန်မှာ ပြင်သစ်သမ္မတနိုင်ငံ၌ ၁၉၉၅ ခုနှစ် နောက်ပိုင်း ပထမဆုံးဆိုရှယ်လစ်သမ္မတဖြစ်သည်။

ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုကိုမြှင့်တင်ပေးမည့် အစီအစဉ်များ ထည့်သွင်းပြဋ္ဌာန်းပေးရေးအတွက် ပြန်လည်ညှိနှိုင်းမှုမပြုသမျှ ပြင်သစ်နိုင်ငံက ဥရောပသမဂ္ဂဘတ်ဂျက် သဘောတူညီချက်ကို အတည်ပြုမည် မဟုတ်ကြောင်း ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးသစ် ပြမော်စကိုဗစ်က မေ ၁၇ ရက်တွင် ကြေညာထားသည်။ ယူရိုငွေကို ကာကွယ်ရန် လက်တွဲဆောင်ရွက်ကြဖို့ ဥရောပနိုင်ငံများအား ၎င်းက တိုက်တွန်းလိုက်သည်။

ဆိုရှယ်လစ်ဝါဒီ မစ္စတာဟော်လန် ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ဆာကိုဇီကို အနိုင်ယူပြီး တစ်လကျော်အကြာတွင် ပြင်သစ်အောက်လွှတ်တော်ရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်ရာ အောက်လွှတ်တော် ပထမအဆင့်ရွေးကောက်ပွဲ၌ သူ၏ဆိုရှယ်လစ်ပါတီနှင့် မဟာမိတ်ပါတီများ အနိုင်ရသွားခဲ့သည်။ ဒုတိယဆင့်ရွေးကောက်ပွဲ၌လည်း ယူအမ်ပီနှင့် မဟာမိတ်ပါတီများအပေါ် အနိုင်ယူရန် အရေးကြီးပေသည်။

အထက်လွှတ်တော်တွင် သူ့ပါတီကအများစုရရှိထားပြီးဖြစ်သည်။ သူ့ပါတီသည် အောက်လွှတ်တော်အများစုဖြစ်လျှင် သူ၏ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် လုပ်ပိုင်ခွင့်များ ရရှိလာမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

> "ယူရိုဇုန်တွင် ဂျာမနီနှင့် ပြင်သစ်တို့သည် စီးပွားရေး အင်အားအကြီးဆုံး နိုင်ငံများဖြစ်သည့် အားလျော်စွာ ကယ်ဆယ်ထောက်ပံ့ရေးရန်ပုံငွေများကို အများဆုံး ထည့်ရသည့်နိုင်ငံများ ဖြစ်ကြသည်။"

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

သမဝါယမဝန်ကြီးဌာနနှင့်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇွန် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)အား၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဖွင့်လှစ်နိုင်ရေး လိုအပ်သည်များကို ဆွေးနွေးပြီး လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

တစ်ဆက်တည်းမှာပင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ သမဝါယမအသင်းစုချုပ်နှင့် အသင်းစုများ၊ မွေးမြူရေးအစုအဖွဲ့များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောက်ဖုံးမှ*

ဖြစ်သော်လည်း သာယာစိမ်းလန်းစိုပြည်ကာ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည်ကို တွေ့ရပါကြောင်း၊ ပညာရေးဝန်ထမ်းကျောင်းဆရာများမှာလည်း ငယ်ရွယ်သန်စွမ်းသည်ကိုတွေ့ရပြီး အုပ်ချုပ်ရေးပိုင်းတွင်လည်း ငယ်ရွယ်သူများ ဦးဆောင်ထမ်းရွက်နေသည်ကို တွေ့ရှိရသဖြင့် ကျေနပ်အားရပါကြောင်း၊ ၎င်းအပြင် ဒေသတွင်းပြဿနာကြီးငယ်မရှိဘဲ နေထိုင်နိုင်၍ ဝမ်းမြောက်ကြောင်း၊ အေးချမ်းတည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းပြီး လုပ်ကိုင်စရာရှိသည်များကို ပုံမှန်လုပ်ကိုင်သွားကြရန် မှာကြားလိုကြောင်း၊ မတည်ငြိမ်မှုကြောင့် အချို့ဒေသများတွင် နိစ္စဓူဝအသက်မွေးဝမ်းကျောင်းမှုများကို မလုပ်နိုင်ကြောင်း၊ တရားဥပဒေစိုးမိုးမှုအောက်တွင် အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နှင့် နေထိုင်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ကျေးရွာကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၏ သဘောထားအမြင်များကို ပြောကြားစေ၍ လိုအပ်ချက်များအား ရှင်းလင်းမှာကြားဆွေးနွေးခဲ့ပြီး အောင်သပြေစံပြကျေးရွာမှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးသည် စစ်တွေမြို့၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်တို့နှင့် နယ်မြေအခြေအနေတို့ကို တွေ့ဆုံဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ စစ်တွေမြို့တွင်းရှိ ပျက်စီးမှုအခြေအနေများနှင့် ကယ်ဆယ်ရေးစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၅၆)

၇း၃၀ MRTV- 4 သတင်း

၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၇၀)

၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၁၀)

၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၅၆)

၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၇၀)

၆း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၅၇)

၈း၀၀ MRTV- 4 သတင်း

၈း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love **အချစ်သင်္ကေတ** (အပိုင်း-၁၅)

၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၇၁)

၁၁း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၁၁)

၁၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၁၁)

ဆုချီးမြှင့်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ သုတေသနစာတမ်း (ပထမ)ဆုရရှိသော တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အကြံပေး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာနေမျိုးအုန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲတက်ရောက်

နေပြည်တော် ဇွန် ၁၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ သုတေသနစာတမ်း (ပထမ)ဆုရ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အကြံပေး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာနေမျိုးအုန်းအား ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးက လှုပ်ရှားမှုအထူးဆုရ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူအားလည်းကောင်း၊ စေတနာ့ဝန်ထမ်း စွမ်းဆောင်ရှင်စံပြအသင်းသားဆုအား ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ အသင်းသားများအား လည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလှုပ်ရှားမှုများနှင့် အသင်းသားဖွားခန်းများ၌ အသုံးပြုနိုင်ရန် ထောက်ပံ့ငွေများနှင့် အသင်းဝင်ကတ်များကို ခရိုင်ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် ဘုရားသုံးဆူမော်ရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တောင်ပိုင်းခရိုင် ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းဇော်မြင့်က ပြည်သူများထံ နိုင်ငံသားကတ် ပေးအပ်စဉ်။ (၁၅၅)

မိဘများဖြစ်ကြသော ဦးဘဇေ-ဒေါ်သိန်းတင်နှင့် ခင်ပွန်းဒေါက်တာဦးဝင်းလွင်တို့အားရည်စူး၍ အမှတ်(၄၆-ဒီ)မလိခလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဒေါ်ခင်ခင်ကြည်နှင့် သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)ဝင်းအတွင်းရှိ သာသနာ့နယ်ဝင်သီလရှင်ဆေးရုံ တိုးချဲ့ပြင်ဆင်ရန် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာဦးလှမြင့်နှင့်အဖွဲ့ လက်ခံစဉ်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၇

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၅ ဒသမ ၃၁ လက်မ၊ထားဝယ်မြို့တွင် ၄ ဒသမ ၄၁ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၇၈ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၄၆လက်မ၊ လားရှိုးမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ပူတာအိုနှင့် ပုသိမ်မြို့တို့တွင် ၃ ဒသမ ၀၃ လက်မစီ၊ ဂွမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ မင်းဘူးမြို့တွင် ၂ ဒသမ ၀၄ လက်မနှင့် မကွေးမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ရှမ်းတိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းသင်တန်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုခန်းမ၌ ဇွန် ၈ ရက်က ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းနှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။ (မြို့နယ်မိခင်နှင့်ကလေး)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကကြီးမှူး၍ စီးပွားရေးဆိုင်ရာဟောပြောပွဲကို ဇွန် ၂၃ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ဗီယက်နမ်နိုင်ငံ National Economic University မှ ပါမောက္ခ Mr. Michael Goldberg (Professor of Finance and Bankin)က Eco- nomic Growth Through Entrepreneurship ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(၁၆၈)**

မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွားသတင်း

စဥ့်ကိုင်နယ်မှ ဆီထွက်သီးနှံ နှမ်းများ လှိုင်လှိုင်ထွက်ရှိ

စဥ့်ကိုင် ဇွန် ၁၇

စဥ့်ကိုင်မြို့နယ်တွင် ဇော်ဂျီမြစ်၏ ဆည်ရေသောက်မြေများရှိကြသည်။ ဆည်ရေပေးမြောင်းနှင့် နီးရာလယ်များတွင် မိုးကြိုစပါးများကို စိုက်ပျိုးကြပြီး ဆည်ရေနှင့် အလှမ်းဝေးသောနေရာရှိ လယ်များတွင် ပဲအမျိုးမျိုး၊ နေကြာနှင့် နှမ်းတို့ကို စိုက်ပျိုးကြသည်။

ယခုအခါ စဥ့်ကိုင်မြို့နယ် နှမ်းစိုက်ကွင်းများမှ နှမ်းယဉ်များ လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့နေကြရာ တစ်ဧကလျှင် နှမ်းငါးတင်းနှင့် ခြောက်တင်းနှုန်းခန့် ထွက်ရှိကြောင်းသိရသည်။ **(အောက်ပုံ)** ထွက်ရှိသောနှမ်းများကို ကျောက်ဆည်မြို့နှင့် မန္တလေးမြို့များရှိ ပွဲရုံများသို့ရောင်းချရာ နှမ်းတစ်တင်းလျှင် ငွေကျပ် ၂၇၀၀၀နှုန်းဖြင့် သုံးတင်းအိတ်တစ်အိတ်လျှင် ငွေကျပ် ၈၁၀၀၀ နှုန်းရောင်းချရကြောင်း သိရသည်။

နှမ်းစိုက်ရာသီအတွင်း မိုးရွာသွန်းမှုအနည်းငယ်နောက်ကျသောကြောင့် အထွက်နှုန်းအနည်းငယ်လျော့သော်လည်း နှမ်းဈေးမှာ ယမန်နှစ်ကထက် ပိုကောင်းသောကြောင့် တောင်သူများ သင့်တင့်သောအကျိုးခံစားခွင့်များ ရရှိခဲ့ကြကြောင်း သိရသည်။ **(၁၆၀)**

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ဒဗလျူတီအေ ဘာမင်ဂမ်တင်းနစ်ပြိုင်ပွဲ ဂျပန်တင်းနစ်မယ်နိုင်ပွဲရ ပြီး နောက်တစ်ဆင့်တက်

လန်ဒန် ဇွန် ၁၇

အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့တွင် ကျင်းပလျက်ရှိသော ဒဗလျူတီအေ ဘာမင်ဂမ်တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၆ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အမျိုးသမီး တစ်ဦးချင်း တတိယအဆင့်ပွဲစဉ်၌ ဂျပန်တင်းနစ်မယ် မီဆာကီဒိုအီက ပြင်သစ် တင်းနစ်မယ် စတီဖင်ဖောရက်စ်ဂါကွန်အား အနိုင်ရရှိခဲ့သည်။

တက်ရောက်နိုင်ခဲ့

*ဂျပန်တင်းနစ်မယ်မီဆာကီဒိုအီ **(အောက်ပုံ)**သည် ဂါကွန်အား ၆-၄၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိရန် မီဆာကီဒိုအီ နှစ်နာရီခန့်မျှ ကစားခဲ့ရသည်။ မီဆာကီဒိုအီ၏ ထောင့်ဖြတ်ရိုက်ချက်များက အမှားအယွင်းနည်းခဲ့၍ နိုင်ပွဲရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။*

အခြားပွဲစဉ်များအဖြစ် အီတလီတင်းနစ်မယ် ဗင်စီက အင်္ဂလန်တင်းနစ်မယ် ဝက်ဆင်အား ၆-၃၊ ၄-၆၊ ၆-၁ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။ တစ်ဖန် တရုတ်တင်းနစ်မယ်ကျန်ကျီက ချက်တင်းနစ်မယ် လာဗက်ကိုဗာအား ၆-၄၊ ၆-၁ ဖြင့် နိုင်ပွဲရရှိပြီး စတုတ္ထအဆင့် တက်ရောက်နိုင်ခဲ့သည်။

နိုင်ပွဲရရှိခဲ့

*ထို့အပြင် ရုရှားတင်းနစ်မယ် မာကာရိုဗာက နယူးဇီလန်တင်းနစ်မယ် မာရီနာအီရာကိုဗစ်အား ၂-၆၊ ၆-၁၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ ထို့အတူ အမေရိကန်တင်းနစ်မယ်ဖာလ်ကိုနီက ပိုလန် တင်းနစ်မယ် ရက်ဒ်ဝမ်စကာအား ၇-၅၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)***



ဒဗလျူဘီစီ မစ်ဒယ်ဝိတ်ချန်ပီယံလုပွဲ ချာဗက်ဇ်က စိန်ခေါ်သူ အင်ဒီလီအား အနိုင်ထိုးသတ်

ဝါရှင်တန် ဇွန် ၁၇

ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ)၏ မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ဆီဆာချာဗက်ဇ်နှင့် အင်ဒီလီတို့ အမေရိကန်နိုင်ငံ တက်ဆက်ပြည်နယ် အီလ်ပါဆိုမြို့၌ ဇွန် ၁၇ရက်က ယှဉ်ပြိုင်ထိုးသတ်ရာ ဆီဆာချာဗက်ဇ်က အနိုင်ရရှိခဲ့ပြီး ဒဗလျူဘီစီ၏ မစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ **(ဝဲပုံ)**

မက္ကဆီကိုနိုင်ငံသား ဆီဆာချာဗက်ဇ်သည် စိန်ခေါ်သူ အိုင်ယာလန်နိုင်ငံသား အင်ဒီလီအား ခုနစ်ချီအရောက်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆီဆာချာဗက်ဇ်သည် ပထမအချီတွင် အင်ဒီလီ၏ မျက်နှာပေါ်သို့ ဘယ်ညာဝိုက်လက်သီးများ ထိမှန်အောင် ထိုးသတ်နိုင်ခဲ့သည်။ အင်ဒီလီကလည်း ချာဗက်ဇ်၏ ဝမ်းဗိုက်သို့ ညာထောက်လက်သီးများ ထိချက်ပြင်းပြင်းဖြင့် ထိုးသတ်နိုင်ခဲ့သည်။ ပထမအချီတွင် နှစ်ဦးစလုံး အပြန်အလှန်ထိုးသတ်နိုင်ခဲ့ကြသည်။ ဒုတိယအချီတွင် အင်ဒီလီက ချာဗက်ဇ်၏ ခါးအောက်ပိုင်းကို ထိုးသတ်ခဲ့ရာ ကြိုးဝိုင်းဒိုင်လူကြီးက သတိပေးထားခဲ့သည်။ တတိယအချီတွင် ချာဗက်ဇ်၏ ဘယ်ညာလက်သီးတွဲများက အင်ဒီလီ၏ မျက်နှာပေါ် ပြင်းထန်စွာ ထိမှန်ခဲ့ရာ အင်ဒီလီ ကြိုးတန်းပေါ် လဲကျခဲ့သည်။ စတုတ္ထအချီတွင်လည်း ချာဗက်ဇ်၏ ပြင်းထန်သော ညာဝိုက်လက်သီးက အင်ဒီလီ၏ ဦးခေါင်းကို ထိမှန်ခဲ့သည့်အပြင် ချာဗက်ဇ်၏ ဘယ်ထောက်လက်သီးများကလည်း အင်ဒီလီကို အထိနာစေခဲ့သည်။ ပဉ္စမအချီနှင့် ဆဋ္ဌမအချီတို့တွင်လည်း ချာဗက်ဇ်က အသာစီးမှ ထိုးသတ်နိုင်ခဲ့ရာ အင်ဒီလီ၏ တန်ပြန်လက်သီးများက ထိရောက်မှုမရှိဘဲ ဖြစ်ခဲ့သည်။ သတ္တမအချီတွင်မူ ချာဗက်ဇ်၏ ညာဖြောင့်လက်သီးက အင်ဒီလီ၏ မျက်နှာကို ပြင်းထန်စွာ ထိမှန်ခဲ့ရာ ကြိုးဝိုင်းဒိုင်လူကြီးက ပွဲရပ်ကာ ချာဗက်ဇ်အား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ အသက် ၂၆ နှစ်အရွယ်ရှိ ချာဗက်ဇ်သည် ယခုပွဲအနိုင်ရသဖြင့် ဒဗလျူဘီစီ မစ်ဒယ်ဝိတ်ချန်ပီယံခါးပတ်ကို သုံးကြိမ်မြောက် ကာကွယ်နိုင်ခဲ့ပြီဖြစ်သည်။ ချာဗက်ဇ်သည် လက်ဝှေ့ပွဲ ၄၆ ပွဲ ထိုးသတ်ခဲ့ရာ ရှုံးပွဲ၊ သရေပွဲ မရှိသေးချေ။ စိန်ခေါ်သူ အင်ဒီလီမှာ ၂၈ နှစ်ရှိပြီး ယခုပွဲအပါအဝင် လက်ဝှေ့ပွဲ ၂၈ ပွဲ ထိုးသတ်ခဲ့ရာ ၂၆ ပွဲနိုင် နှစ်ပွဲရှုံးရလဒ်ရရှိထားသည်။ **(အင်တာနက်)**

အရှေ့တောင်အာရှ အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားတို့ဗိုလ်စွဲ

ပေကျင်း ဇွန် ၁၇

အရှေ့တောင်အာရှ ရေကူးချန်ပီယံရှစ်ပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ ဇွန် ၁၆ ရက်က ကျင်းပရာ အမျိုးသမီး မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ စင်ကာပူရေကူးမယ် တောင်လီ** (ယာပုံ)**က ဗိုလ်စွဲခဲ့သည်။ စင်ကာပူရေကူးမယ် တောင်လီသည် မီတာ ၁၀၀ လိပ်ပြာကူးကို အချိန် ၅၉ ဒသမ ၂၃ စက္ကန့်ဖြင့် ပထမရရှိပြီး ဗီယက်နမ်ရေကူးမယ် နရင်သီကမ်က ၁ မိနစ် ၀၁ ဒသမ ၃၀ စက္ကန့်ဖြင့် ဒုတိယရရှိကာ စင်ကာပူရေကူးမယ် မာဂန်လန်က ၁ မိနစ် ၀၂ ဒသမ ၅၆ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

အမျိုးသမီးမီတာ ၈၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲ၌ မလေးရှားမှ ခိုကိုင်လင်းက ၈ မိနစ် ၅၂ စက္ကန့်ဖြင့် ပထမ၊ အင်ဒိုနီးရှားရေကူးမယ် ဂရာဟာနာက ၉ မိနစ် ၀ ဒသမ ၄၇ စက္ကန့်ဖြင့် ဒုတိယရရှိပြီး ထိုင်းရေကူးမယ် ဘန်ဂျာပွန်းက ၉ မိနစ် ၁၁ ဒသမ ၄၆ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အမျိုးသားမီတာ ၁၀၀ လက်ပစ်ကူးပြိုင်ပွဲတွင် အင်ဒိုနီးရှားရေကူးသမား ဂီဒီဆီးမင်းက ၅၅ ဒသမ ၃၂စက္ကန့်ဖြင့် ပထမ၊ စင်ကာပူမှ ကျန်ဝမ်က ၅၆ ဒသမ ၈၄စက္ကန့်ဖြင့် ဒုတိယရရှိပြီး နောက်ထပ်စင်ကာပူရေကူးသမား နကိုင်းဝီးရေးနာက ၅၇ ဒသမ ၉၄ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အမျိုးသားမီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် အင်ဒိုနီးရှားရေကူးသမား ဂလန်းဗစ်တာက ၅၃ ဒသမ ၁၉ စက္ကန့်ဖြင့် ပထမရရှိပြီး ဗီယက်နမ်ရေကူးသမား ဟောင်ကူက ၅၄ ဒသမ ၃ စက္ကန့်ဖြင့် ဒုတိယရရှိကာ အင်ဒိုနီးရှားမှ ထရာဒိုင်ဖုဇီက ၅၄ ဒသမ ၂၇ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသား မီတာ ၄၀၀ စိတ်ကြိုက်ကူးပြိုင်ပွဲတွင် မလေးရှားရေကူးသမား ယက်ဆွန်ချိုင်က ၃ မိနစ် ၅၄ ဒသမ ၁၉ စက္ကန့်ဖြင့် ပထမရရှိပြီး နောက်ထပ်မလေးရှားရေကူးသမား ဗာန္ဒန်လီက ၄ မိနစ် ၀ ဒသမ ၄၀ စက္ကန့်ဖြင့် ဒုတိယရရှိကာ စင်ကာပူမှ ကီဗင်မက်သရူးက ၄ မိနစ် ၀၁ ဒသမ ၅၅ စက္ကန့်ဖြင့် တတိယ ရရှိခဲ့သည်။ အမျိုးသားမီတာ ၄၀၀ စိတ်ကြိုက်ကူးလက်ဆင့်ကမ်းပြိုင်ပွဲတွင် အင်ဒိုနီးရှားရေကူးအဖွဲ့က ၃ မိနစ် ၂၅ ဒသမ ၇၂ စက္ကန့်ဖြင့် ပထမရရှိပြီး စင်ကာပူရေကူးအဖွဲ့က ၃ မိနစ် ၂၆ ဒသမ ၈၅ စက္ကန့်ဖြင့် ဒုတိယရရှိကာ မလေးရှားရေကူးအဖွဲ့က ၃ မိနစ် ၃၂ ဒသမ ၅၁ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာအားကစားပြိုင်ပွဲကျွမ်း

မြင့်မောင်စိုး - စုစည်းသည်

ချက်က အိမ်ရှင်ပိုလန်ကိုနိုင်ပြီး အုပ်စုဗိုလ်ဖြင့် ကွာတားတက်

ခိုကလော(ပိုလန်) ဇွန် ၁၇

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပခဲ့သည်။ **(ဝဲပုံ)**အုပ်စု(A) ပြိုင်ပွဲတွင် ချက်အသင်းက ပိုလန်ကိုနိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

ချက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၇၂ မိနစ် တွင် ဝုလ်ဘက်ကွင်းလယ်ကစားသမား ပီတာဂျီရာဆက်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ပိုလန်တို့ ချေပဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားခဲ့သော်လည်းရှုံးနိမ့်ခဲ့သည်။

တက်ရောက်

ချက်အသင်းသည် ယင်းပွဲတွင် အနိုင်ရလိုက်၍ အုပ်စုဗိုလ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ချက်တို့ပြိုင်ပွဲတစ်လျှောက် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ်ခြောက်မှတ် ရရှိကာ အုပ်စုဗိုလ်ရပြီး ကွာတားဖိုင်နယ်သို့ တက်ခဲ့ခြင်းဖြစ်သည်။ ချက်အသင်းသည် အဖွင့်ပွဲစဉ်တွင် ရုရှားကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

တစ်ဖန်ဂရိကို နှစ်ဂိုး-တစ်ဂိုး၊ ပိုလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ချက်အသင်းသည် ကွာတားဖိုင်နယ်တွင် အုပ်စု (B)မှ အုပ်စုဒုတိယအသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စု(B)တွင် ပေါ်တူဂီ သို့မဟုတ် ဒိန်းမတ်အသင်းသည် အုပ်စုဒုတိယအသင်း ဖြစ်လာနိုင်သည်။ **(အင်တာနက်)**

<u>ဂရိနှင့် ရုရှားတို့ ဤသို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့ကြသည်။</u>

ဂရိကတစ်ဂိုးတည်းသွင်းပြီး ရုရှားကိုအနိုင်ကစား အုပ်စု(က)တွင် ဒုတိယဖြင့် ကွာတားတက်ရောက်နိုင်ခဲ့ပြီ

ဝါဆော ဇွန် ၁၇

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ဆက်လက် ကျင်းပလျက်ရှိရာ အုပ်စု(A) မှ ဂရိအသင်းက ရုရှားအသင်းကိုနိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဂရိအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ကာရာဂူးနစ်က ပွဲချိန် ၄၅ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ကာရာဂူးနစ်သည် ဆာဂျီအီနာရှာဗစ်၏ အမှားမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမသွင်းမီ ရုရှားအသင်းသည် ဂရိအသင်းကို အသာစီးမှကစားနိုင်ခဲ့သည်။ ရုရှားအသင်းမှ ဒီဇာဂိုး၏ ခေါင်းတိုက်ဂိုးမှာ အပြင်သို့ထွက်သွား၍ ရုရှားတို့ ချေပဂိုးနှင့် လွဲချော်ခဲ့ရသည်။

လွဲချော်

ဂရိအသင်းသည် အုပ်စု(A)ပြိုင်ပွဲတစ်လျှောက် အိမ်ရှင်ပိုလန်ကို တစ်ဖက်တစ်ဂိုးစီ သရေကစားခဲ့သည်။ ဒုတိယမြောက်ပြိုင်ပွဲတွင် ချက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ သို့သော်လည်း ရုရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရလိုက်၍ ထိပ်တိုက်တွေ့ဆုံမှု အဆုံးအဖြတ်အဖြစ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ်သို့တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။ ရုရှားအသင်းသည် ဂရိကို နိုင်ခြေရှိသော်လည်း အပိုင်ကန်သွင်းခွင့်များ ဆုံးရှုံးခဲ့သဖြင့် အုပ်စုမှထွက်ခဲ့ရသည်။ အကယ်၍ ဂရိကို အနိုင်ကစားနိုင်ခဲ့လျှင် ရုရှားအသင်းသည် အုပ်စုဗိုလ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ သို့သော် ဂရိတို့က အနိုင်ကစားသွားခဲ့ခြင်းကြောင့် အာရှာဗင်တို့ ရုရှားအသင်းသည် ယူရိုဖလားအိပ်မက်နှင့် လွဲချော်ခဲ့ရပြီဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့နံပါတ်နှစ် ရော်ဂျာဖက်ဒဲယား ဂါရီဝက်ဘာအိုးပင်းဗိုလ်လုမည်

ဟယ်လီ (ဂျာမနီ) ဇွန် ၁၇

*ကမ္ဘာကျော်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ဇွန် ၁၆ ရက်က ဂျာမနီနိုင်ငံ ဟယ်လီမြို့၌ ကျင်းပသော ဂါရီဝက်ဘာအိုးပင်း (Gerry Weber Open) တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက် မီခေးလ်ယုဇနီကို နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ **(ယာပုံ)***

*ကမ္ဘာ့နံပါတ်နှစ်အဆင့်ရှိ ရော်ဂျာဖက်ဒဲယားသည် ရုရှားတင်းနစ်ကစားသမား မီးခေးလ်ယုဇနီအား ၆-၁၊ ၆-၄ဖြင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဖက်ဒဲယားသည် ဗိုလ်လုပွဲတွင် တော်မီဟတ်စ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ တော်မီဟတ်စ်သည် လက်ရှိချန်ပီယံ ဖီးလစ်ကိုဟစ်ခရီဘာအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်း ဖြစ်သည်။ တော်မီဟတ်စ်သည် တစ်နိုင်ငံတည်းသား ဂျာမနီတင်းနစ်ကစားသမား ဖီးလစ်ကိုဟစ်ခရီဘာအား အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ခရီဘာသည် ကွာတားဖိုင်နယ်တွင် ရာဖေးလ်နာဒယ်ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ တော်မီဟတ်စ်သည် ၂၀၀၉ ခုနှစ်က အဆိုပါ တင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်ကို အနိုင်ရပြီး ချန်ပီယံဖြစ်ခဲ့ဖူးသည်။ **(အင်တာနက်)***

■ *ကျောဖုံးမှ*

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများဖြစ်သည့် ပင်မတမံလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ကုန်းကြောတမံများဆောင်ရွက်ပြီးစီးမှု၊ Gated Service Spillway & Emergency Spillway လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ Water Inlet & Control Gate လုပ်ငန်းများဆောင်ရွက်နေမှု၊ ရေလွှဲဥမင်လိုဏ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ဖိအားမြှင့် သံမဏိပိုက်လိုင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံနှင့် Switch Yard လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များကိုမေးမြန်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၌ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် ဝန်ကြီးဌာနကိုယ်တိုင် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်သောနည်းလမ်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များကို လျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ခွင့်ပြုပြီး အကောင်အထည်ဖော်သောနည်းလမ်း၊ နိုင်ငံခြားရင်းနှီးမှုများဖိတ်ခေါ်၍ လျှပ်စစ်စီမံကိန်းများ တည်ဆောက် အကောင်အထည်ဖော်သောနည်းလမ်းဆိုပြီး နည်းလမ်း(၃)ခုနှင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လောလောဆယ်တွင် တိုင်းရင်းသားလုပ်ငန်းရှင်များ ကိုယ်တိုင်အကောင်အထည်ဖော် တည်ဆောက်နေသော မဟာဓာတ်အားလိုင်းသို့ ဓာတ်အားထည့်သွင်းမည့် လျှပ်စစ်စီမံကိန်း(၃)ခုရှိကြောင်း၊ ယင်းတို့မှာ ရွှေစွမ်းအင်ကုမ္ပဏီမှ အကောင်အထည်ဖော် တည်ဆောက်နေသော စက်တပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ်ရှိ သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း၊ အနာဂတ်စွမ်းအားကုမ္ပဏီမှ တည်ဆောက်အကောင်အထည်ဖော်နေသော စက်တပ်ဆင်အင်အား ၅၂ မဂ္ဂါဝပ်ရှိ ဘီလူးချောင်း(၃)ရေအားလျှပ်စစ် စီမံကိန်း၊ စွမ်းအားသစ်အိုအေစစ်ကုမ္ပဏီမှ အကောင်အထည်ဖော်တည်ဆောက်နေသော စက်တပ်ဆင်အင်အား ၂၉ မဂ္ဂါဝပ်ရှိ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ကြောင်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၈ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့ဆိုလျှင် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့အတူ ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်းသည် ၇၀ ရာခိုင်နှုန်းနှင့်အထက် ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၃၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို လေးနှစ်ကျော်ကာလအတွင်း ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးအောင် အရှိန်အဟုန်နှင့် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအတွက် လုပ်ငန်းဆောင်ရွက်နိုင်မှုကို မှတ်တမ်းတင်အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားပညာရှင်များကို Consultant အဖြစ်ငှားရမ်းဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနရှိ ပညာရှင်များ၏ အကြံဉာဏ်ကိုရယူဆောင်ရွက်ခဲ့ခြင်းတို့ဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲရေး Strategy Reform လုပ်နေပြီဖြစ်ပြီး လျှပ်စစ်ကဏ္ဍမှ ပြည်တွင်း/ပြည်ပ ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ပုဂ္ဂလိကပါဝင်မှု Private Sector ပိုမိုပါဝင်ဆောင်ရွက်ရလာပြီဖြစ်၍ မကြာမီတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ လျှပ်စစ်ကဏ္ဍ၌ ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံလာကြမည်ဖြစ်ကြောင်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို လာရောက်အားပေး စစ်ဆေးစဉ်ကာလအတွင်း အဓိကမှာကြားလိုသည်မှာ မကြာခင်ရေလှောင်တမံ၌ ရေစတင်သိုလှောင်တော့မည်ဖြစ်သည့်အတွက် ရေပိုလွှဲစသည့် မြို့ပြလုပ်ငန်းများ၊ Steel Structure လုပ်ငန်းများ ခိုင်မာစွာပြီးမြောက်ရေး၊ လုံခြုံရေး Dam Safety ကို အထူးဂရုစိုက်ပေးစေလိုကြောင်း၊ ဂျင်နရေတာ/တာဘိုင်စသည့် စက်တပ်ဆင်ရေး လုပ်ငန်းများကို မလောရန်နှင့် သေသေချာချာ စေ့စေ့စပ်စပ်တစ်ဆင့်ပြီးတစ်ဆင့် အချိန်ယူတပ်ဆင်စေလိုကြောင်း၊ ရွှေစွမ်းအင်ကုမ္ပဏီသည် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နိုင်သော အတွေ့အကြုံ၊ နည်းပညာ၊ လူသားအရင်းအမြစ်၊ စက်ယန္တရားများ ရှိနေပြီဖြစ်သည့်အတွက် နောက်ထပ်ဆက်လက်၍ လျှပ်စစ်စီမံကိန်းတစ်ခုကို ထပ်မံအကောင်အထည်ဖော်ရေး ကြိုးစားရန် တိုက်တွန်းလိုကြောင်း၊ ပြည်တွင်း ပြည်ပကုမ္ပဏီများကို လျှပ်စစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရေး ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာတွင် ယခုကုမ္ပဏီကိုယ်တိုင်သည်လည်း IPP (Independent Power Producer) ဖြစ်လာပြီ ဖြစ်သဖြင့် ဖြစ်ပေါ်လာမည့် IPP Rules and Regulation များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကထွက်ရှိမည့် လျှပ်စစ်ဓာတ်အားများကို ကုမ္ပဏီက ကိုယ်တိုင်ဖြန့်ဖြူးရောင်းချမည်ဆိုလျှင်လည်း ရောင်းချမည့် စျေးကွက် Power Market ကို ရှာဖွေ၍ ရောင်းချနိုင်ဖို့စီစဉ်ရန်နှင့် မဟာဓာတ်အားလိုင်းကို ရောင်းချမည်ဆိုလျှင်လည်း မိမိရောင်းချနိုင်သော လျှပ်စစ် တစ်ယူနစ်စျေးနှုန်း၊ တစ်နှစ်အတွက် ထိုစက်ရုံမှ ရောင်းချပေးနိုင်မည့် ဓာတ်အားပမာဏ (Annual Energy)ကို စိစစ်တွက်ချက်၍ Power Purchasing Agreement ကို မဟာဓာတ်အားလိုင်းနှင့် စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြသည့် နိုင်ငံခြားသားပညာရှင်များနှင့် ဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံသည် Concrete Faced Rock Filled Dam အမျိုးအစားဖြစ်ပြီး ပင်မရေပိုလွှဲမှာ Gated Ogee Type အမျိုးအစားဖြစ်သည်။ ဤစီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၃၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ၆၀၄ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်းနှင့် ထိုစီမံကိန်းကို တိုင်းရင်းသားလုပ်ငန်းရှင်ဖြစ်သည့် ရွှေစွမ်းအင်ကုမ္ပဏီက အကောင်အထည်ဖော် တည်ဆောက်နေကြောင်း သိရှိရသည်။

(သတင်းစဉ်)

စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။ (သတင်းစဉ်)

စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ

စစ်တွေမြို့ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၇

စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ယနေ့တွင် စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေကြသူများအား ဖျားနာမှုမရှိစေရေး ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် သိရှိလိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးပညာပေးများကို ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့အပြင် အဆိုပါဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ ဦးရဲကျော်သူ(သံကျောင်း)ကျောင်းတိုက်၊ ဆင်ကူးလမ်းဘုန်းတော်ကြီးကျောင်းနှင့် သဲချောင်းကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ရောက်ရှိနေကြသော မိသားစုများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လှည့်လည်စစ်ဆေးကုသဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

အစီအမံများ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် ဆူပူအကြမ်းဖက်မှုများကို တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အခြေအနေမှာ ပြန်လည်တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း၊ ဤအခြေအနေကို ပိုမိုကောင်းမွန်အေးချမ်းသော အခြေအနေများ ဖြစ်ပေါ်ရေးအတွက် ဆက်လက်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးက တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးတက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုပျက်ပြားမှုကြောင့် နစ်နာဆုံးရှုံးခံရသောဒေသခံပြည်သူများ လတ်တလောနေထိုင်စားသောက်ရေး အဆင်ပြေစေရေးနှင့် ရေရှည်ပြန်လည်တည်ဆောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဦးစီးပြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ညီနောင်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များက စာနာထောက်ထားပြီး စေတနာအပြည့်အဝဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် အခက်အခဲများ ကြုံတွေ့နေရသည့် ဒေသခံပြည်သူများအတွက် ကုန်သည်/စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ကဦးဆောင်၍ ငွေကြေးနှင့် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းခြင်းမှာ အလွန်ပင်အားရကျေနပ်ဖွယ်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူအားလုံးက ပါဝင်ပူးပေါင်း ဆောင်ရွက်ရန်လိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ၊ ဆန်၊ ဆီနှင့်စားသောက်ကုန်မျိုးစုံ၊ ဆေးမျိုးစုံ၊ ဆပ်ပြာ၊ ဖိနပ်နှင့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ လက်ရှိကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော မီးသတ်နှင့်ကြက်ခြေနီအပါအဝင် စေတနာဝန်ထမ်းများအတွက် လုပ်ငန်းများလုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် လက်အိတ် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ သံအမတ်ကြီး(ငြိမ်း) ဦးလှမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့ကလက်ခံကြပြီး အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းမှုမှာ မြန်မာနိုင်ငံဘဏ်များအသင်း ကိုယ်စားအထွေထွေအတွင်းရေးမှူးနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ငွေကျပ်သိန်း ၃၆၃၀၊ ကုန်သည်/ စက်မှုအသင်းချုပ် နာယက ဦးအောင်ကိုဝင်းက ငွေကျပ်သိန်း ၁၅၀၀၊ ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဋ္ဌနှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က ငွေကျပ် သိန်း ၅၀၀ နှင့် လက်အိတ် အစုံ ၂၀၀၊ ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်က ငွေကျပ်သိန်း ၂၀၀၀၊ ကံကောင်းခြင်းရတနာကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်စိန်က ငွေကျပ်သိန်း ၁၀၀၀၊ Ever Winner ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀၊ (Capital နှင့် Diamond Star ကုမ္ပဏီ) အုပ်ချုပ်မှုဒါရိုက်တာဦးကိုကိုကြီး၊ (အေးရှားဝေါလ် ကုမ္ပဏီ) အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်၊ Naing Group ဆောက်လုပ်ရေးကုမ္ပဏီ နာယက ဦးကျော်နိုင်ဦး၊ (မြန်မာ့စက်မှုဆိပ်ကမ်းကုမ္ပဏီ)ဥက္ကဋ္ဌ ဦးကိုကိုထူးနှင့်သတ္တုနှင့်သယံဇာတရေးရာကော်မတီအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ တော်ဝင်မိသားစုကုမ္ပဏီ ဥက္ကဋ္ဌ ဦးကိုကိုထွေးတို့က ငွေကျပ်သိန်း ၅၀၀စီ၊ (Fortune International ကုမ္ပဏီ) ဥက္ကဋ္ဌ ဒေါက်တာမြပာန်၊ [ဒေင်ဂရု(ပ်) ကုမ္ပဏီ]ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ (ရွှေသံလွင်မိသားစုကုမ္ပဏီ) ဦးသိန်းဝင်း-ဒေါ်နီနီသားသမီးမြေးတစ်စုနှင့် ကျောက်မျက်လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်သိန်း ၃၀၀ စီ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ငွေကျပ်သိန်း ၂၈၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၀၀၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကိုယ်စားဥက္ကဋ္ဌ ဦးသိန်းဟန်က ဆီပိဿာ ၁၁၀၀ အပါအဝင် ကုန်သည်/စက်မှုအသင်းချုပ် လက်အောက်ရှိ ညီနောင်အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်စုစုပေါင်း ၆၁ ဦးတို့က ငွေသားအလှူ ငွေကျပ် ၁၅၀၃၂ ဒသမ ၅ သိန်းနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၄၀ ဒသမ ၄၆ သိန်းအပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၆၃၇၂ ဒသမ ၉၆သိန်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ကိုင်ဖုန်းအသုံးပြုသူများ သတိထားပြီး စကားပြောသင့်

သတင်းနှင့်ဓာတ်ပုံ-ဇင်ကိုကိုထက်

ရန်ကုန် ဇွန် ၁၇

လက်ကိုင်ဖုန်းတစ်လုံးလျှင် ငွေကျပ် ၁၅ သိန်း၊ နောက် ငွေကျပ်ငါးသိန်း တဖြည်းဖြည်းနှင့် ယနေ့ ငွေကျပ် နှစ်သိန်းခွဲ၊ နှစ်သိန်းဖြင့် တန်ဖိုးများလျှော့နည်းလာပြီဖြစ်သည်။

အခြေခံလူလတ်တန်းစားအားလုံးနီးပါး ဖုန်းကိုင်လာနိုင်ပြီကို ယနေ့တွေ့မြင် နေရပြီ။ ဝမ်းသာစရာကောင်းလှပါသည်။ နိုင်ငံတော်မှ တတ်နိုင်သမျှ

ဇွန် ၁၇ရက် ညနေ ၄နာရီခန့်က ကိုယ်ပိုင်ကားတစ်စီးပေါ်၌ ကားမောင်းရင်းလက်ကိုင်ဖုန်းဖြင့် စကားပြောနေသည်ကို အမှတ်မထင်တွေ့လိုက်ရစဉ်။

ဖြေလျှော့ပေးခြင်းအတွက် ပြည်သူများက နိုင်ငံတော်အစိုးရသစ်ကို ကျေးဇူးတင်လျက် ရှိနေကြပါသည်။

သို့သော်. . ထိုလက်ကိုင်ဖုန်းများသုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာမှ သတိပေးညွှန်ကြားမှုများကိုတော့ အလေးထားလိုက်နာသင့်ပါသည်။

ယနေ့ကာလ လူအတော်များများကို သတိထားလေ့လာမိသည်။ လက်ကိုင်ဖုန်းများရပြီးနောက် လမ်းလျှောက်ရင်းနှင့်လည်း စကားပြောသွားကြသည်။ စားသောက်ရင်းနှင့်လည်း စကားတွေပြောနေကြသည်။ ဒါကမဆိုသာ သူ့ကိစ္စနှင့်သူ့အကြောင်း ဖြစ်သည်။

အချို့က စကားကို တိုးတိုးညင်သာ ပြောတတ်ကြသည်။ အချို့က အသံကျယ်ကျယ်ဖြင့် အော်ပြောတတ်ကြသည်။ သူ့မူသူ့စရိုက်ဖြစ်ကြပါသည်။ ပြောသမျှစကားကို ဘေးကဖြတ်သွားသူအားလုံးက တစ်ခွန်းမျှမကျန် ကြားနေရသည်။ ဤတွင် ကိုယ်တွေ့ရယ်စရာလေးတစ်ခု ဖော်ပြချင်ပါသည်။ ရန်ကုန်မြို့တွင်း၌ ဖုန်းပြောနေသူတစ်ယောက်က “ ကျွန်တော် အခု တောင်ကြီးရောက်နေလို့ဗျာ နောက်မှတွေ့ကြတာပေါ့”ဟု ဆိုသည့်စကား ဘေးလူများကြားတော့ ထိုသူ့ကို ပြုံးစိစိဖြင့် ကြည့်သွားကြသည်။ ဘေးလူများကို သူမမြင်၊ သူ့ဖုန်းနှင့်သူ လုံးနေသည်။

တကယ်သတိမူသင့်သည့်အချက်မှာ ကားမောင်းရင်းဖုန်းမပြောရန်ဖြစ်သည်။ သတင်းစာ တီဗွီတို့မှ အခါခါသတိပေးထုတ်ပြန်လျက်ရှိသည်။ သို့သော် ပြောမြဲပြောဆဲပါ။ ကားဆီထည့်စဉ် လက်ကိုင်ဖုန်းဖြင့် စကားပြောခြင်းကိုလည်း အထူးသတိထားသင့်လှသည်။ ဓာတ်စီးမှုဖြင့် မီးလောင်မှုအန္တရာယ်ဖြစ်တတ်ပါသည်။

မိုးသည်းထန်စွာ ရွာသွန်းချိန်၊ မိုးခြိမ်းချိန်၊ လျှပ်စီးများဝင်းလက်ချိန်တို့၌တွင်လည်း လက်ကိုင်ဖုန်းလုံးဝမပြောသင့်ပါ။ ဖုန်းပိတ်ထားနိုင်လျှင် ပို၍အန္တရာယ်ကင်းပါသည်။ မိုးသည်းထန်စွာ ရွာသွန်းချိန်၊ မိုးခြိမ်းချိန်၊ လျှပ်စီးများဝင်းလက်ချိန်၌ လက်ကိုင်ဖုန်းပြောဆိုနေပါက လျှပ်စစ်စီးကြောင်းများဝင်လာတတ်ပြီး အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်ပါသည်။

လျှပ်စစ်ဌာနက မိတ်ဆွေတစ်ဦးက “ဒီလိုကိစ္စလေးတွေက အသေးအဖွဲ့လို့ ထင်စရာရှိပေတယ်။ ဘာမှ မဖြစ်ရင်တော့ မဖြစ်ဘူးပေါ့ဗျာ။ တိုက်ဆိုင်မှုတွေနဲ့ ကြုံလာရင်တော့ အသက်ပါဆုံးရှုံးနိုင်တဲ့အတွက် သတိထားသင့်တဲ့ အချက်တွေပါ” ဟု ပြောပြသည်ကို သတိထားမိ၍ လက်ကိုင်ဖုန်းဖြင့် စကားပြောသူများသို့ တစ်ဆင့်စကားပါးလိုက်ရပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်း ယာဉ်အန္တရာယ်ကင်းရှင်းရေး(၁)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ခရမ်းစိုးမြင့်

နေပြည်တော် ဇွန် ၁၇

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် ရန်ကုန် အမှတ်(၃) လမ်းဆုံမှ မန္တလေးစကားအင်းအဝိုင်းအထိ လမ်းအရှည်မှာ ၃၃၆ မိုင် ၃ ဖာလုံရှိပြီး ပေ ၃၀ အကျယ် အလယ်ကျွန်းနှင့် တစ်ဖက်စီတွင် ၂၅ ပေအကျယ် ယာဉ်သွားလမ်း နှစ်လမ်းစီပါသော ကွန်ကရစ်ဖြင့် တည်ဆောက်ထားသည့် လေးလမ်းသွား ခွဲခြားလမ်းကြီး (4 Lane divided Highway) ဖြစ်သည်။ ရန်ကုန်-နေပြည်တော်အပိုင်း အမြန်လမ်းမကြီးကို ၂၅-၃-၂၀၀၉ ရက်နေ့၌ အများပြည်သူများ လွယ်လင့်တကူဖြင့် ခရီးမြန်ဆန်စွာ သွားလာနိုင်စေရေးအတွက် ဖွင့်လှစ်ပေးခဲ့ပြီး နေပြည်တော်မှ မန္တလေးစကားအင်းအထိကို ၂၉-၁၂-၂၀၁၀ နှင့် ၂၃-၃-၂၀၁၁ တို့တွင် ထပ်မံဖွင့်လှစ်ပေးခဲ့သဖြင့် ယခုအခါ အများပြည်သူတို့ ရန်ကုန်မှ မန္တလေးကို တစ်ဆက်တစ်စပ်တည်း လွယ်လင့်တကူ ခရီး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် တစ်နာရီမိုင် (၆၀)နှုန်းအထက် ပိုမမောင်းရန် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားသည်ကိုလည်း ဤသို့ တွေ့နိုင်ပါသည်။

သွားနိုင်ကြပြီဖြစ်သည်။ သို့သော် အမြန်လမ်းဟုခေါ်နေသော်လည်း အမြန်လမ်း အဆင့်သတ်မှတ်၍ မရသေးဘဲ လမ်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူတို့က သတ်မှတ်ပေးသည့် အမြန်နှုန်းဖြင့်သာ မောင်းနှင်နိုင်သော လမ်းမကြီးတစ်လမ်း အဆင့်သာ ဖြစ်ပါသည်။ အမြန်လမ်း အင်္ဂါရပ်နှင့် ပြည့်စုံစေရန်အတွက် ဆိုလျှင် တည်ဆောက်ပြီး လမ်းပေါ်၌ မော်တော်ယာဉ်များ အနှောင့်အယှက်မရှိ သတ်မှတ်အမြန်နှုန်းနှင့် သွားလာနိုင်ရေးအတွက် လမ်းဘေးမှ လူ၊ တိရစ္ဆာန်နှင့် အခြားယာဉ်များ လုံးဝဝင်ရောက်နိုင်မှုမရှိ (Fully Controlled Access) ဖြစ်ရပါမည်။ ရန်ကုန်-မန္တလေးလမ်း အများအခေါ် အမြန်လမ်းမကြီးကို အသုံးပြုသွားလာနေကြသော အချို့သော မော်တော်ယာဉ်များ အနေဖြင့် လမ်းတာဝန်ရှိသူများ၏ သတိပေးဆိုင်းဘုတ်နှင့် လမ်းညွှန်အမှတ်အသားများကို အလေးမမူ ဂရုမထားဘဲ မဆင်မခြင် မောင်းနှင်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဤသို့ တွေ့ရသည်။

နေကြ၍ ကားများမှာ မတော်တဆမှုဖြစ်ပြီး လူအသက်အန္တရာယ်ပါ ဆုံးရှုံးလျက်ရှိသည်ကို ကြားသိနေရသည်။

အမြန်လမ်းမကြီးတစ်လျှောက်တွင် တစ်နာရီလျှင် မိုင် ၆၀ သာမောင်းရပါမည်။ ပို၍ မမောင်းသင့်ပါ။ ထို့ကြောင့် တာဝန်ရှိသူများက အန္တရာယ်ရှိ၍ ကီလိုမီတာ ၁၀၀ အထိ မောင်းနိုင်သည်။ ကီလိုမီတာ ၈၀ သာ မောင်းနိုင်သည်ဆိုသည့် ဆိုင်းဘုတ်များ စိုက်ထူထားပါသည်။ အထူးသတိပေးသည့် အနေဖြင့် " သတ်မှတ်ပေးထားသော မိုင်ထက် ကျော်လွန်မောင်းနှင်ပါက အသက်ဆုံးရှုံးနိုင်ပါသည်" ဆိုသည့် ဆိုင်းဘုတ်များလည်း ရှိပါသည်။

ထို့အပြင် " ရှေ့တွင် လမ်းကွေ့ရှိသည် အရှိန်လျှော့မောင်းပါ" ဆိုသည့် ဆိုင်းဘုတ်များ၊ လမ်းကွေ့လမ်းညွှန် အမှတ်အသားများ၊ ညအခါ လင်းလက်ပြီး ကွေ့ရန် လမ်းညွှန်ပြသပေးသည့် အလိုအလျောက်မီးလုံးများ၊ မီးခြောက်များ၊ ရောင်ပြန်လမ်းညွှန်များ စသည်ဖြင့် လမ်းအသုံးပြုသွားလာနေသော မော်တော်ယာဉ်များ အန္တရာယ်မကြုံတွေ့စေရန်အတွက် တာဝန်ရှိသူများက ပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေးထားသည်ကို ထိုလမ်း အသုံးပြုသွားဖူးသူတိုင်း သိကြပါသည်။ သို့သော် ရန်ကုန်-မန္တလေး ကားလမ်းမကြီးတွင် ယာဉ်

တိမ်းမှောက်မှုများဖြစ်ပြီး အသက်ဆုံးရှုံးသူတွေရှိခဲ့သည်၊ ရှိနေသည်ကို ယခုအထိ စိတ်မချမ်းမြေ့စွာ ကြားသိနေရပါသည်။ ယာဉ်မတော်တဆ ဖြစ်ပွားရခြင်းမှာ အကြောင်းအရင်း(၅)ချက် ရှိပါသည်။ ၎င်း (၅) ချက်ထဲမှ တစ်ချက်ချွတ်ယွင်းလျှင်ပင် ယာဉ်အန္တရာယ်ဖြစ်ပြီး အသက်ဆုံးရှုံးနိုင်ပါသည်။ ထိုအချက်များမှာ-

၁။ ယာဉ်ထိန်းသိမ်းရေးစနစ် (Stearing System) ကောင်းမွန်မှုမရှိခြင်း၊

၂။ ဘရိတ်နှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများ ချွတ်ယွင်းခြင်း၊

၃။ ကားဘီးနှင့် တာယာများ ကောင်းမွန်မှုမရှိခြင်း၊

၄။ အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်း၊

၅။ ကားမောင်းနေစဉ် အိပ်ငိုက်ခြင်းနှင့် မောင်းရန်သတ်မှတ်ပေးထားသည့် မိုင်နှုန်းထက် ပိုမောင်းနှင်ခြင်းတို့ ဖြစ်သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို အပိုင်းလိုက် ဖွင့်လှစ်ပေးခဲ့ပြီး ယာဉ်အန္တရာယ်ဖြစ်ပွားမှုများကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ စာရင်းကောက်ယူပြုစုတင်ပြ အကြံဉာဏ်များ ပေးခဲ့ကြသဖြင့် လမ်းတည်ဆောက်သူများက လက်ခံရရှိကာ ထိုအကြံပြုချက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းပုံထုတ်ဌာနမှ စစ်ဆေးတိုင်းတာရေးအဖွဲ့များသည် ရန်ကုန်-မန္တလေး အမြန်လမ်း အမှတ် (၃) လမ်းဆုံမှ မန္တလေးစကားအင်းဝိုင်းအထိ သွားရောက်စစ်ဆေး၍ ပြုပြင်ရမည့်နေရာများ ပြုပြင်နိုင်ရန် တာဝန်ရှိသူများထံ တင်ပြခဲ့သဖြင့် အတိအကျလိုက်နာဆောင်ရွက်ထားရှိပြီးဖြစ်သည်ဟု သိရသည်။

သို့သော် ယာဉ်မတော်တဆမှုများကတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားနေဆဲဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်သည် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးကို တာဝန်ယူဖောက်လုပ်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(လမ်း)ဦးတင်ဆန်းနှင့် လက်ရှိ ထိုလမ်းမကြီးအား ပြုပြင်ထိန်းသိမ်းရေးကို တာဝန်ယူ ဆောင်ရွက်နေသည့် အင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့်တို့အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အင်ဂျင်နီယာချုပ် ဦးတင်ဆန်းက "ဒီလမ်းနဲ့ပတ်သက်ပြီး ၂၀၀၄ နှစ်ဦးပိုင်းမှာ ကျင်းပတဲ့ (၁/၂၀၀၄) အထူးစီမံ

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ယခုအခါ ဆက်သွယ်ရေးစခန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများ တည်ဆောက်ထားသည်ကို ဤသို့ တွေ့နိုင်ပါသည်။

ကိန်းကြီးများ အစည်းအဝေးမှာ စတင်အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ မြေသားတာပေါင်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ ကွန်ကရစ်လမ်းတစ်ဖက် နှစ်လမ်းသွားနဲ့ လေးလမ်းသွား လမ်းမကြီးအဖြစ် စတင်ဆောင်ရွက်ခဲ့ပါတယ်။ တည်ဆောက်မှုကာလ ငါးနှစ်တာကာလမှာ မိုင်ပေါင်း ၃၆၆ မိုင် ၃ ဖာလုံကို ပဲခူးရိုးမရဲ့ အရှေ့ဘက်ကပ်လျက် လယ်ယာမြေများ အပျက်အစီးအနည်းဆုံးဖြစ်အောင် အင်းအိုင်၊ မြစ်ချောင်း၊ တောင်ကုန်းတောင်စောင်းတွေနဲ့ အင်းကောများ မြေစေးများစတဲ့ မြေအမျိုးအစား

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် မောင်းရန်သတ်မှတ်ထားသော မိုင်ထက်ကျော်လွန်ပြီး တစ်နာရီလျှင် ကီလိုမီတာ(၁၆၀)အထိ မောင်းလာသော ကားတစ်စီး တိမ်းမှောက်နေသည်ကို ၂၀၁၂ ခုနှစ် မေလအတွင်းက ဤသို့ တွေ့ရသည်။

အမျိုးမျိုးကို ဖို့ပေးလိုက်၊ ဖြတ်တောက်ပေးလိုက်၊ တစ်ချိန်တည်းတစ်ပြိုင်တည်း တံတားများလည်းဆောက်၊ ရေထွက်ပေါက်များ ဖောက်ပြီး တံတားကြီး၊ တံတားငယ်ပေါင်း မြောက်မြားစွာ တည်ဆောက်ခဲ့ပါတယ်။ ဒါ့ပြင် ကားလမ်း၊ လှည်းလမ်း တံတားများလည်း ပါဝင်တည်ဆောက်ပေးခဲ့ပါတယ်။

အဓိကအကျဆုံးကတော့ ယာဉ်မောင်းသူများသာ ဖြစ်ပါတယ်။ ယာဉ်မောင်းသူများရဲ့ အသက်အရွယ်က ၁၈ နှစ်မှ ၆၅ နှစ်အထိ အများစုဖြစ်ကြပါတယ်။ အသက်အပိုင်းအခြားအရ စဉ်းစားမည်ဆိုပါက ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ယာဉ်မောင်းများမှာ ယာဉ်မောင်းသက်တမ်း နုတဲ့အတွက် အတွေ့အကြုံနည်းပါတယ်။ အရက်လည်းသောက်တတ်ပါတယ်။ အသက် ၄၀ ကျော် ၅၀ ကျော်ပြန်တော့လည်း အိပ်ငိုက်တတ်ကြပါတယ်။

အမြန်လမ်းမကြီးပေါ် ကားမောင်းမယ်ဆိုရင် ယာဉ်ထွက်ချိန်မှလွဲ၍ တစ်နာရီလျှင် မိုင် ၄၀ မှ ၆၀ အကြား မောင်းနှင်ရမှာ ဖြစ်ပါတယ်။ တစ်နာရီကို မိုင် ၆၀ နှုန်း (တစ်နာရီ ကီလိုမီတာ ၁၀၀ နှုန်း)ထက်ကျော်လွန်တဲ့ အမြန်နှုန်းနဲ့မောင်းနှင်ဖို့ ခွင့်ပြုထားခြင်းမရှိပါဘူး။

ဒီကန့်သတ်ချက်ကို ယာဉ်မောင်း ၈၀ ရာခိုင်နှုန်းက လိုက်နာခြင်းမရှိဘဲ မောင်းနှင်နေကြပါတယ်။ ဘယ်လိုကြောင့် ဖြစ်ရပါသလဲဆိုတော့ အမြန်လမ်းမကြီးမှာ အသွားအပြန်လမ်းများဟာ သီးခြားစီဖြစ်တော့ မျက်နှာချင်းဆိုင်ကလာတဲ့ကားမရှိတာကြောင့် အန္တရာယ်တစ်ခုက မဖြစ်နိုင်တာမို့ လိုတာထက် ပိုမောင်းနေကြပါတယ်။ အများအားဖြင့်က ကားအကောင်းတွေ ပိုများလာတော့ မောင်းရင်မောင်းသလို ပြေးတာပေါ့။ Air Con ဖွင့်ပြီး မှန်ပိတ်မောင်းကြတော့ မိမိကားရဲ့ သွားနေတဲ့ အမြန်နှုန်းကို သတိမထားမိကြဘဲ တစ်နာရီ ကီလိုမီတာ ၁၂၀၊ ၁၄၀၊ ၁၆၀ အထိ ရောက်သွားတတ်ကြပါတယ်။

ကျွန်တော့် မိတ်ဆွေတစ်ဦးရဲ့ လက်တွေ့ဖြစ်ရပ်တစ်ခုက မိုင်တိုင် ၆၁/၃ မှာ သူ့ကား Double Cab က ကီလိုမီတာ ၁၂၀ နှင့် မောင်းနေတာကို တခြားကားတစ်စီးက ငါးစက္ကန့်လောက်နဲ့ ကျော်သွားပါတယ်တဲ့။ အဲ့ဒီကား ရှေ့တစ်မိုင်လောက်မှာ မှောက်ပြီး ဒုက္ခရောက်သွားခဲ့တယ်လို့ဆိုပါတယ်။

ဒီတော့ ယာဉ်မောင်းသူအများစုက မိမိကားက တစ်စက္ကန့်ရဲ့အမြန်နှုန်းကို သတိမပြုကြတာဖြစ်ပါတယ်။ မိမိ မောင်းနေတဲ့ကားဟာ-

ကီလိုမီတာ၁၀၀ နှုန်းမောင်းပါက
၁ စက္ကန့်သွားနှုန်း ပေ ၉၀
ကီလိုမီတာ ၁၁၀ နှုန်းမောင်းပါက
၁ စက္ကန့်သွားနှုန်း ပေ ၁၀၀
ကီလိုမီတာ ၁၂၀ နှုန်းမောင်းပါက
၁ စက္ကန့်သွားနှုန်း ပေ ၁၁၀
ကီလိုမီတာ ၁၃၀ နှုန်းမောင်းပါက
၁ စက္ကန့်သွားနှုန်း ပေ ၁၂၀
ကီလိုမီတာ ၁၄၀ နှုန်းမောင်းပါက
၁ စက္ကန့်သွားနှုန်း ၁၂၆ ပေ
ကီလိုမီတာ ၁၅၀ နှုန်းမောင်းပါက
၁ စက္ကန့်သွားနှုန်း ၁၃၅ ပေ
ကီလိုမီတာ ၁၆၀ နှုန်းမောင်းပါက
၁ စက္ကန့်သွားနှုန်း ၁၄၄ ပေ သွားပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောပြချင်တာက ယာဉ်မောင်းတွေရဲ့ အရှိန်လျှော့ရမယ့်အချက် ၁၀ ချက်ရှိပါတယ်-

၁။ ကားချင်းရှောင်လျှင်လျှော့
၂။ လမ်းကွေ့မတိုင်ခင်လျှော့
၃။ လူတွေ့လျှင် လျှော့
၄။ ကလေးငယ်တွေ့လျှင်လျှော့
၅။ တိရစ္ဆာန်တွေ့လျှင်လျှော့
၆။ တိရစ္ဆာန်ငယ် တွေ့ပါက အဝေးကြီးကလျှော့
၇။ မြင်ကွင်းမရှင်းပါကလျှော့
၈။ နှင်းကျလျှင်လျှော့
၉။ မိုးရွာလျှင်လျှော့
၁၀။ ရေအိုင်ဖြတ်လျှင်လျှော့

ဒါတွေကို ယာဉ်မောင်းတွေက သတိမထားကြဘဲ သတ္တိကို အလွဲသုံးစားလုပ်လို့ အသက်ကို အကျိုးမဲ့ ဖြုန်းတီးသလိုဖြစ်ပြီး၊ တချို့ကျတော့လည်း အသိတရားရှိလျက်နဲ့ သတိကင်းမှုပေါ့ဗျာ" ဟုရှင်းလင်းပြောကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ခေါင်းလောင်းချိုလွင် တေးသံစဉ်

* ဂီမှာန်ကြွေသက်၊ မိုးရက်ဝသန်ခါ
ကောက်ပင်ပျို့နွဲ့၊ စိမ်းလဲ့မြရောင်ဖြာ
တောတောင်သာယာ၊ ဝေဆာပြာရင့်
ကောင်းကင်အာကာ၊ မိုးရိပ်ဖြာ
မြန်မာ့ရွှေပြည် တင့်သည်နှင့်လေး။

* ထနောင်းဝေပွင့်၊ ကျောင်းဖွင့်သည်ချိန်ဝယ်
ပညာရေးပန်း၊ ပွင့်လန်းရန့်ကြွယ်
လွယ်အိတ်ကိုလွယ်၊ ပြုံးရယ်ရွှင်မြူး
ခေါင်းလောင်းချိုလွင်၊ တေးသံစဉ်
ပဲ့တင်ထပ်ကာ ထူးသည်နှင့်လေး။

* မိဋ္ဌာန်ရင့်ကျူး၊ ဆွတ်ခူးအောင်မြင်စွာ
ကျောင်းသူကျောင်းသား၊ နိုးကြားအသိဖြာ
ဆည်းပူးပညာ၊ အနာဂတ်ရေး
တက်ကုန်လျင်လျင်၊ ဘက်စုံယာဉ်
ပန်းဝင်အားသစ် မွေးသည်နှင့်လေး။

* အရည်အသွေး၊ မြင့်ပေးထာဝစဉ်
ပညာမြင့်မား၊ ထွန်းကားပြည်တစ်ခွင်
ပန်းကောင်းလိုချင်၊ မျိုးပင်ကောင်းရွေး
ဆရာသည်သာ၊ အခရာ
ပညာအမွေ ပေးသည်နှင့်လေး။

* ကျောင်း၏ရှေ့ရေး၊ မျှော်တွေးရည်ရွယ်ကာ
အမြဲပံ့ပိုး၊ အကျိုးဆောင်ရမှာ
စည်းလုံးညီညာ၊ စိတ်ပါဝင်စား
မိဘဆရာ၊ လက်တွဲကာ
ထည်ဝါဖွံ့ဖြိုး များသည်နှင့်လေး။

* ကြိုးစား ရိုးသား အစဉ်သာဖူးပွင့်စည်။
နိုးကြားတိုးပွား မင်္ဂလာ ထူးတင့်မည်။ ။

ကန့်ဘလူခင်မောင်ဆွေ

မြန်မာ့အလင်း ဘဝအမောပြေ

ဒါကြောင့်ပါ — **အာကာဟိန်း-ရေးသားသည်**

ဇနီးသည်၏ စကားကို မလွန်ဆန်နိုင်သော ခင်ပွန်းသည်ထံသို့ လူငယ်တစ်ဦးရောက်ရှိလာပြီး စကားပြောလေသည်။

လူငယ် ။ ။ **ကျေးဇူးပြုပြီး…စကားလေးနည်းနည်းပြောခွင့်ပြုပါ ခင်ဗျာ။**
ခင်ပွန်း ။ ။ ဩော်. . . အေးအေး. . . ထိုင်ပါ။
လူငယ် ။ ။ **ဟုတ်ကဲ့။**
ခင်ပွန်း ။ ။ ဒါနဲ့. . . မောင်ရင်ကဘယ်သူများလဲ။
လူငယ် ။ ။ **အန်ကယ်ရဲ့ သမီး လူစီရဲ့ သူငယ်ချင်းပါ။**
ခင်ပွန်း ။ ။ ဩော်. . . ဟုတ်လား. . . ဒါနဲ့ ဘာကိစ္စများပြောမလို့လဲ။
လူငယ် ။ ။ **အားနာစွာနဲ့ပဲ ပြောပါရစေ… အန်ကယ့်သမီးကို လက်ထပ်ချင်လို့ပါ။**
ခင်ပွန်း ။ ။ ဟေ. . . မင်းပြောတာကလည်း. . . ငါ့ကိုမှ လာပြောရတယ်လို့။
လူငယ် ။ ။ **အန်ကယ့်သမီးကို… တကယ်ချစ်လို့ပါ။**
ခင်ပွန်း ။ ။ ခက်တာပဲ. . . ငါ့မိန်းမနဲ့ မင်းတွေ့ကြည့်ပါဦး။
လူငယ် ။ ။ **မတွေ့တော့ပါဘူး…အန်ကယ့်သမီးကလွဲပြီး ဘယ်မိန်းကလေးကိုမှ ကျွန်တော်စိတ်မဝင်စားပါဘူးခင်ဗျာ။**
ခင်ပွန်း ။ ။ " ဘာကွ"

မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၆ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက ကျောင်းသား ကျောင်းသူ ၃၀ အတွက် ငွေကျပ် ၁၈၃၀၀၀ ကို တစ်ဦးချင်း ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ စေတနာရှင်၊ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် အလှူရှင်များ၏ အလှူငွေပေါ်တွင် ရပ်တည်၍ အဘိုး အဘွား ၂၀၀ ကျော်ကို ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ ဘွားဒေါ်ဦးဇွန်းတည်ထောင်ခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးကို သတိုးသီရိ သုဓမ္မဘွဲ့ရ မြန်မာ့အလင်း ဦးတင်က ဥက္ကဋ္ဌအဖြစ် ပထမဦးဆုံး ဆောင်ရွက်ခဲ့သည်။

"နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးက ထုတ်ဝေတဲ့ ဘိုးဘွားများနေ့ အထိမ်းအမှတ်အလံများကို မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျောင်းများ၊ ရုံးများ၊ အဖွဲ့အစည်းများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများသို့ ဖြန့်ဝေရောင်းချကုသိုလ်ယူကြတဲ့ အလှူရှင်များလည်း ရှိပါတယ်။ ကိုယ်တိုင်လည်းလှူ နီးစပ်ရာကိုလည်း အလှူခံတဲ့ စေတနာရှင်များလည်းရှိပါတယ်။ ပဒေသာပင်စိုက်ထူလှူဒါန်းလိုလျှင်လည်း မိမိတို့ သဒ္ဓါစွမ်းအားအလျောက် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်၊ အထွေထွေပဒေသာပင်ဟူ၍ ခွဲခြားလှူဒါန်းနိုင်ပါတယ်" ဟု ရိပ်သာကြီး၏ အမှုဆောင်တစ်ဦးက ပြောပြသည်။

စေတနာရှင်၊ အလှူရှင်များအနေဖြင့် တစ်ဦးချင်း လှူဒါန်းလိုပါက ဘိုးဘွားအားလုံးအတွက် တစ်နေ့တာ ငွေကျပ် ၁၅၀၀၀၀ ဖြင့်ဖြစ်စေ၊ နံနက်စာတစ်နပ်လျှင် ငွေကျပ် ၅၀၀၀၊ နေ့လယ်စာထမင်း၊ ဟင်းတစ်နပ်လျှင် ငွေကျပ် ၁၀၀၀၀၊ မွန်းလွဲကော်ဖီ၊ မုန့် ငွေကျပ် ၅၀၀၀၊ ညနေစာ ထမင်း၊ ဟင်း တစ်နပ်လျှင် ငွေကျပ် ၁၀၀၀၀၊ တစ်နေ့လုံးစာအတွက် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပြီး ကျန်လိုအပ်ငွေများကို ရိပ်သာကြီးအမှုဆောင်အဖွဲ့က ဖြည့်တင်းကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။

(ရီရီမြင့်-သတင်းစဉ်)

ပျော်ဘွယ်၌ တောင်သူများအတွက် ထောက်ပံ့ကြေးပေးအပ်

ပျော်ဘွယ် ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်း ဆည်ရေသောက်ဧရိယာဧက ၁၂၀၀ အား ရေပေးဝေစိုက်ပျိုးရန် တည်ဆောက်ထားသော နတ်ကာ ရေလှောင်တမံ တည်ဆောက်စဉ်က တမံဖို့မြေအတွက် မြေယူဧရိယာများတွင် ကျရောက်သော တောင်သူများ၏ လယ်ယာမြေများနှင့် သီးနှံများ ဆုံးရှုံးမှုအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၅ ရက်က ပျော်ဘွယ်မြို့နယ် ကန်ဖျားကျေးရွာ အမကကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက အမှာစကားပြောကြားပြီး ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က မြေငှားဧရိယာအတွင်း လယ်ယာမြေများကို ယခုနှစ် စိုက်ပျိုးချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် မြေညှိစက်များဖြင့် မြေညှိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ စိုက်ပျိုးဧရိယာများတွင် အပေါ်ယံမြေဆီလွှာ ပျက်စီးမှုရှိပါက မြေပြုပြင်ရန်နှင့်သီးနှံစိုက်ပျိုးရန် ထောက်ပံ့ကြေးပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

လယ်မြေတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် တောင်သူ ၉၂ ဦးတို့၏ လယ်ယာမြေ ၁၀၃ ဒသမ ၄၄ ဧကအတွက် ထောက်ပံ့ကြေးငွေကျပ် ၂၀၆၈၈၀၀၀ ကို တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းသို့ ပေးအပ်သည်။ (အပေါ်ပုံ) ယခုကဲ့သို့ လယ်ယာမြေအတွက်ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် မေ ၁၆ ရက်က ပျော်ဘွယ်မြို့နယ် ကျီရွာကျေးအုပ်စုမှ မြေငှားဧရိယာအတွင်း ပါဝင်သော တောင်သူ ၄၇ ဦး၏ လယ်မြေ ၈၅ ဧကအတွက် ထောက်ပံ့ကြေးအဖြစ် ငွေကျပ် သိန်း ၁၇၀ ကိုလည်း ပေးအပ်ပြီးဖြစ်ကြောင်း သိရှိရသည်။

(ဝ၁၂)

စာသင်ကျောင်းများအတွက် အင်္ဂလိပ်အဘိဓာန်စာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်း ငါးကျောင်းမှ အင်္ဂလိပ်စာသင်ကြားနေသော ဆရာ ဆရာမများအတွက် ကြည့်မြင်တိုင်မြို့နယ် ဗိုလ်သူရလမ်းနေအလှူရှင်ဦးကာစီ-ဒေါ်ခင်ဖုန်းမြင့်မိသားစုကအင်္ဂလိပ်အဘိဓာန်စာအုပ် ၈၀ နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ၂၀၁၁-၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးနှင့် အလှူရှင် ဦးကာစီတို့က ကျောင်းအလိုက် အင်္ဂလိပ်စာသင်ကြားပေးနေသော ဆရာ ဆရာမများအား အင်္ဂလိပ်အဘိဓာန်စာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တက္ကသိုလ်ဝင်တန်း၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ဝ၄၂)

ရမည်းသင်း၌ ကျောင်းဝတ်စုံများထောက်ပံ့ပေးအပ်

ရမည်းသင်း ဇွန် ၁၇

ရမည်းသင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၃ဦးအတွက် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၂ ရက်နံနက်က ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းက ကျောင်းဝတ်စုံများထောက်ပံ့ပေးအပ်ခဲ့သည်။ (အောက်ပုံ)

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းကို လည်းကောင်း၊ ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာထက်နုဝေက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းကို လည်းကောင်း၊ ဒေါက်တာချိုချိုမာက သွားကျန်းမာရေးအကြောင်းကို လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။

(၄၁၆)

မိုးစပါးချေးငွေများ သတ်မှတ်နှုန်းထားအတိုင်း ထုတ်ချေးပေး

မန္တလေး ဇွန် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက် ကြေညာချက်အရ ၂၀၁၂ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို စပါးတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းအထိ ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည်ဖြစ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မန္တလေးတိုင်းဒေသကြီးအတွင်း ယခင်နှစ်က ထုတ်ချေးခဲ့သော ၂၀၁၁ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ရာနှုန်းပြည့် ပြေကျေပြီးသော မြို့နယ်များအနက် မြို့နယ်ဘဏ်ခွဲ ခုနစ်ခုရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူပေါင်း ၈၉၄ ဦးသို့ စပါးတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စပါး ၃၄၅၄ ဧကအတွက် ချေးငွေပေါင်း ငွေကျပ် ၁၇၂၇၀၀၀၀၀ ကို ထုတ်ချေးပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွက် မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပြီးသော တောင်သူများအားလည်း ဖြည့်စွက်ချေးငွေကျပ် ၁၀၀၀၀ ကို ထပ်မံထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်အတွက် ၂၀၁၂ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေပေါင်း ငွေကျပ် ၃၉၄၃၂ ဒသမ ၇၀ သန်း ထုတ်ချေးရန် လျာထားကြောင်း သိရှိရသည်။

အောင်သူရ(ကိုယ်ပွား-မန္တလေး)

ရွှေပြည်သာမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၆ ရက်က ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန်လမ်းမ ဝဲ/ယာ၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ ပျဉ်းမ၊ အော်ရီးရှား၊ ယူကလစ်၊ စွယ်တော်၊ မဲဇလီပျိုးပင်ပေါင်း ၅၅၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(၁၆၆)

ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

ဒေးဒရဲ ဇွန် ၁၇

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် စည်ပင်သာယာဈေး(၁) မြို့မဈေးကြီးအတွင်းရှိ ပျံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၁ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်း၌ ကျင်းပရာ အမှုဆောင်အရာရှိဦးအောင်ဇော်လင်းက ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အထက်တန်း ၁၀ ဦး၊ အလယ်တန်း ၁၃ ဦး၊ မူလတန်း ၁၂ ဦးအတွက် ငွေကျပ် ၂၄၂၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ထွေ/အုပ်)

တွံတေးမြို့နယ်၌ စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပသီကျေးရွာအုပ်စု ပသီ(အရှေ့) ကျေးရွာ သုတရွှေပြည်စာကြည့်တိုက်အတွက် စာအုပ်စာစောင်လှူဒါန်းပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးက စာကြည့်တိုက်အား စံ(၅)ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်တိုးပွားရေးတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စာအုပ်စာစောင်နှင့် အလှူငွေများ လှူဒါန်းပွဲကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လှူဒါန်းသော စာအုပ်စာစောင် ၁၅၀၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဝင်းမြင့်က ငွေကျပ် ၁၀၀၀၀ နှင့် စာအုပ်စာစောင်အုပ်၅၀၊ အလှူရှင်ဦးစောနောင်-ဒေါ်ရင်ရင်ရွှေမိသားစုက ငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်အဆောက်အအုံကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ပသီကျေးရွာမှ အလှူရှင် ဦးစောနောင်-ဒေါ်ရင်ရင်ရွှေမိသားစုက ငွေကျပ်သိန်း ၂၀ အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်ပြီး စာကြည့်တိုက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဝင်းမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောနောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာလက်ဝှေ့အဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် ဇွန် ၁၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရိုးရာလက်ဝှေ့အားကစားနည်းများ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန်နှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် ၂၀၁၂ ခုနှစ် အာရှအပျော်တမ်း ရိုးရာလက်ဝှေ့(မွေ) ဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်း၊ အုပ်ချုပ်သူမြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်အတွင်းရေးမှူး ဦးစန်းလှိုင်၊ နည်းပြ ဦးအောင်ကျော်စိုး၊ အားကစားသမားများဖြစ်ကြသော မောင်တူး၊ ထွန်းထွန်းမင်း၊ ရွှေဖလား၊ ကိုကိုအောင်နှင့် မျိုးမြင့်တို့သည် ဇွန် ၁၆ ရက်က ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ)

(အား/ကာ)



သစ်ပင်နှစ်သိန်းကျော် လားရှိုးမြို့၌ စိုက်မည်

လားရှိုး ဇွန် ၁၇

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ယခုနှစ်မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ဇွန် ၅ ရက်က ကျင်းပသည်။

ဖြန့်ဝေပေး

ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သော "ပတ်ဝန်းကျင်မပျက်ယွင်းစေသော အစိမ်းရောင် စီးပွားရေး သင်တို့အားလုံးပါဝင်ပေး"ဟူသော ခေါင်းစဉ်နှင့်အညီ လားရှိုးမြို့ပေါ်ရှိ အိမ်ထောင်စုဝင်များက တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ စီအတွက် သစ်ပင်ပေါင်း ၃၆၀၀၀၊ ကျေးရွာပိုင်သစ်တောစိုက်ခင်းများအတွက် ယူကလစ်ပင် ၃၀၀၊ ဆက်သွယ်ရေးလမ်းမကြီး ဝဲယာတွင် ကျွန်းပင် ၉၀၀၀ စိုက်ပျိုးခဲ့ပြီး တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းများ၊ လူမှုရေးအဖွဲ့အစည်းများအတွက် သစ်ပင်ပေါင်း ၁၇၆၁၀၀ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

(မမ-လားရှိုး)

ကျောက်မဲမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောက်မဲ ဇွန် ၁၇

ကျောက်မဲခရိုင် မြို့နယ်သစ်တောဦးစီးဌာန၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာအနီးရှိ စိုက်ပျိုးကွင်း၌ ဇွန် ၅ ရက်က ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်တွင် ကျွန်းပျိုးပင် ၁၀၀၊ ယူကလစ်ပျိုးပင် ၅၀၊ ယမနေပျိုးပင် ၅၀၊ မဲဇလီပျိုးပင် ၃၀၀ စုစုပေါင်းပျိုးပင် ၅၀၀ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာသူကျေးရွာသားများနှင့်ကျောင်းသားကျောင်းသူများက စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(ဝ၉ဝ)

ဒေါက်တာကျော်ဇော + ဒေါ်မေမျိုးမြတ် B.Sc (Chem;) ဦးစီးတည်ထောင်သည့်

ဘော်ဒါ

ပြင်ဦးလွင်မြို့

၂၀၁၁–၂၀၁၂ ပညာသင်နှစ်

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော

မမ	-	၁၂၆၉	မောင်ဖြိုးမင်းဇော်
မမ	-	၁၄၈၅	မကျော်ဂန္ဓမာ
မမ	-	၁၄၉၄	မခင်ယမံ
မမ	-	၁၅၃၁	မောင်အောင်ကျော်မင်း
မမ	-	၁၅၇၇	မဝေဖြိုးမွန်
မမ	-	၁၆၈၄	မဆုဝါ
မမ	-	၁၆၉၇	မောင်ကျော်ကျော်ဝင်း
မမ	-	၁၇၀၃	မောင်စွမ်းဝင့်
မမ	-	၁၇၆၁	မနိုင်မွန်မွန်ဘော်
မမ	-	၁၇၈၄	မရှင်းသန့်
မမ	-	၁၇၈၅	မောင်ရဲရင့်ရှင်းသန့်
မမ	-	၁၉၄၆	မဆောင်းရွှေရည်ဦး

ကျောင်းသား/သူများအား မိဘများနှင့်အတူ ထပ်တူထပ်မျှ ကြည်နူးဝမ်းမြောက်ဂုဏ်ယူအပ်ပါကြောင်း

စာပန်းအိမ်မိသားစု

ပြင်ဦးလွင်မြို့

SUPER

လေလိုင်းပေါ်မှ စူပါကံထူးရှင် နှင့် မိုးရာသီမဟာကံထူးရှင် အစီအစဉ်

စူပါ(၄၈)ထုပ်ဝင် (၁၀)ထုပ်လျှင်

လက်ဆောင်

ထီး (၁) ချောင်း
+
ကူပွန်(၁)စောင်

- sms ပေးပို့နည်း ဥပမာ-
123, mandalay, F975864, 0296855
- 123
- Ph - (01) 2399000, 09 5178737
www.super.com.mm , www.facebook.com/supercoffeemix

မြတ်သူ

☎-01-510617, 510367

Ph: 09-73040826
09-73901846

အမည်မှန်
ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နေ ဦးဗိုလ်အေး ၁၄/ကကန(နိုင်)၀၀၇၁၇၇ ၏ အမည်မှန်မှာ ဦးဗိုလ်အေး(ခ)ဦးမောင်မောင်အေး ဖြစ်ပါသည်။
ဦးဗိုလ်အေး(ခ)ဦးမောင်မောင်အေး

သနပ်ခါးလိမ်းထားတဲ့ အလှထက် .... ပိုတဲ့အလှမရှိ

Teacher (ILBC)

Lotion

B.A (Eng) Part (II), B.C.Tech , Dip in Eng. YUFL.DA.(Part II).

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်နှင့်အရည်အသွေးဆိုင်ရာ လက်မှတ်များ

URS

2008 Global Excellence Awards
2009 People's Choice Awards

BFAD Philippines

Halal Certificate

FDA (Thailand)

TÜV
PSB Singapore

Test Report
7191030238-CHM12-JS-CR01

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

FIT

E-mail:thanakha@myanmar.com.mm, Website:www.shwepyinann.com

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အင်တိုင်းကြီးကျေးရွာနေ
(ဦးကျော်ဝင်း)-ဒေါ်ခင်ညိုတို့၏သား
ဗိုလ်ကြီးအောင်ကျော်ဆန်း (တပ်မတော်-ရေ)
B.C.Sc(D.S.A).M.E(Tech)Russia Federation
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊
ဦးဘဟန်လမ်း၊ အမှတ် ၄/က၊ (ထွန်းဘဏ္ဍာကဖီး)နေ
ဒေါ်တင်လှိုင်(အထပြ၊ ငြိမ်း)၊ ဒေါ်လှဝင်း၊
ဦးတင်သိန်း(ဦးစီးအရာရှိ၊ ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်ကြည်ကြည်ဝင်းတို့၏ တူမ၊
ဦးကျင်သိန်း-ဒေါ်မြင့်မြင့်ရွှေတို့၏ သမီးဦး
မအေးမြတ်စံပယ်သိန်း
B.A (Eng:),B.Pharm (ဗဟိုရိစည်အထူးကုဆေးရုံ)

တို့၏ ၂၃-၅-၂၀၁၂ ရက်တွင် ဓမ္မစေတီကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် မင်္ဂလာဦးတရားဟောကြားချီးမြှင့်ပေးပါသော ဓမ္မစေတီဆရာတော် ဥူးကောသလ္လနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ၂၄-၅-၂၀၁၂ ရက် (ကြာသပတေးနေ့)တွင် မင်္ဂလာလက်မှတ်ရေးထိုးပေးပါသော သဃ်န်းကျွန်းမြို့နယ် တရားသူကြီး ဦးကျော်သောင်းအောင်အားလည်းကောင်း၊ ၂၆-၅-၂၀၁၂ ရက်(စနေနေ့)တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်တင်အောင်စန်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးတင်သိန်း (ဦးစီးအရာရှိ၊ ငြိမ်း)(သစ်တောဦးစီးဌာန)နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလုံးကိုလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မလင်းလက်လက်ဝိုင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မအေးအေးအောင်နှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မသက်ရင်ထက်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးရဲရင့်မောင်၊ မင်္ဂလာသတို့သမီးအရံ မဒေလီယာစိုးဝင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ပေးပါသော အန်တီခင်မာသီ(စောင်းပညာရှင်)၊ Keyboard ကိုမြတ်မင်းနှင့် တေးသံရှင်များ၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော Aroma Beauty Salon၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော အန်တီနွယ်နီ(နွယ်နီအပ်ချုပ်ဆိုင်)နှင့် မသီ(မေသီရိလှဝတ်စုံ)တို့အားလည်းကောင်း၊ Pre Wedding ဓာတ်ပုံများရိုက်ကူးပေးပါသော Wedding World၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော Aroma(Zulu Studio)၊ မင်္ဂလာအခမ်းအနား ပန်းအလှဆင်ပေးပါသော ဦးလင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော သုဇာပုံနှိပ်တိုက်၊ Golden Duck Restaurant ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်သည့် ဂုဏ်သရေရှိလူကြီးမင်းအပေါင်းနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ Sedona Hotel မှ ကိုရန်နိုင်ထွေး၊ မန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ကျော်ဆန်း-မအေးမြတ်စံပယ်သိန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
Mobile Banking နှင့် Postal Banking ဝန်ဆောင်မှုများဆောင်ရွက်ရန်အတွက် အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရှိ Mobile Network နှင့် Postal Network တို့ကို အသုံးပြု၍ Mobile Banking ဝန်ဆောင်မှုလုပ်ငန်းနှင့် Postal Banking ဝန်ဆောင်မှုလုပ်ငန်းတို့အားဆောင်ရွက်ရန် စိတ်ပါဝင်စားသည့်ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများအနေဖြင့် အဆိုပြုလွှာများကို တင်သွင်းနိုင်ပါသည်။

၂။ Mobile Banking အဆိုပြုလွှာများကို အင်ဂျင်နီယာချုပ်၊ ရုံးချုပ်အခြေစိုက်မိုလ်ဘိုင်းဆက်သွယ်ရေးစခန်း၊ အမှတ် ၇၄၊ အနော်ရထာ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့သို့လည်းကောင်း၊ Postal Banking အဆိုပြုလွှာများကို စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်စာတိုက်ကြီး နေပြည်တော်သို့လည်းကောင်း၊ ၁၇-၈-၂၀၁၂ ရက် ညနေ ၁၆း၃၀ နာရီနောက်ဆုံးထား၍ ချိပ်ပိတ်တင်ဒါပေးပို့တင်သွင်းရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။
- ဒုတိယအထွေထွေမန်နေဂျာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၊ နေပြည်တော်စာတိုက်ကြီး၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၂၀၆၁၁၊
- အင်ဂျင်နီယာချုပ်၊ ရုံးချုပ်အခြေစိုက် မိုလ်ဘိုင်းဆက်သွယ်ရေးစခန်း၊ အမှတ် ၇၄၊ အနော်ရထာရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၀၁၉၃

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း



မွေးနေ့မင်္ဂလာဆုတောင်း

၁၈-၆-၂၀၁၂ ရက်တွင်ကျရောက်သော မိခင်ကြီး ဒေါ်စန်းစန်းရွှေ (ကျန်းမာရေးဆရာမကြီး-ငြိမ်း၊ စန်းသီတာဆေးဆိုင်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး)၏ (၆၆)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်သည်အထိ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကာ ပုလလဲဆင်မင်းကိန်းဝပ်သွား ဆင်မြတ်ရှင်မြတ်ဘုရားအား နေ့စဉ်ရက်ဆက်၊ ဖူးမြော်ရလျက်၊ ကုသိုလ်ကောင်းမှု အမြဲပြု၍ စိတ္တကာယနှစ်ဖြာသုခ ပြည့်ပြည့်ဝဝ ချမ်းမြေ့ရလျက် အသက်ရှည်ရာ အနာမဲ့ရေး ဆုတောင်းပေးပါသည်။

သားကြီး	- ကိုဝင်းမင်းထွန်း၊ မခင်နွဲ့အေး (ပုလဲမြို့)
သားငယ်	- ဗိုလ်မှူးဇော်မင်းထွန်း၊ မမျိုးမျိုး (နေပြည်တော်)
တူမ	- မစုစုဝေ (ပုလဲမြို့နယ်အခွန်ဦးစီးဌာန)
ချစ်မြေးများ	- မဇာနည်ဝင်းထွန်း (အဋ္ဌမတန်း-က၊ အထက-ပုလဲ)
	မခင်နေခြည်ထွန်း (သူငယ်တန်း-က၊ အထက-၁၊ နေပြည်တော်)
	မောင်ဘုန်းခန့်ငြားမင်း (နေပြည်တော်)



ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးအယ်ချို-ဒေါ်စံပယ်ရဲဝင်းတို့၏ သမီးကြီး မခင်မွန်မြတ်ဝင်း အထက(၁)တောင်ကြီးမှ ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခုံအမှတ် ရက-၂၃၈ ဖြင့် ငါးဘာသာဂုဏ်ထူးနှင့် ထူးချွန်စွာအောင်မြင်သည့်အတွက် မိသားစုအားလုံးနှင့်အတူ ထပ်တူဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

၁၉၈၄/၈၇ စီးပွားရေးတက္ကသိုလ်
ဂန့်ဂေါ်ဆောင်မှ
မေမေ့ချစ်သူငယ်ချင်းများ
မလေး၊ မေဦး၊ ရွှေကြူ၊ ခိုင်ခိုင်၊
မမွန်၊ အသင်း၊ အေးလေး၊ လွင်ကြည်



အမြန်ပြန်လာပါ

မောင်ကြားခန်း ၁၃/လရန(နိုင်)၁၃၁၆၀၇ ရောက်ရာ အရပ်က အမြန်ပြန်လာပါ။ ဖခင် ဦးရှောက်စင်း ၁၆-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသည်။

အစ်မ စန္ဒာဝင်း
(ကျင်းဟုန်စားသောက်ဆိုင်)လားရှိုး
ဖုန်း-၀၈၂-၂၅၆၈၇၊
၀၉-၄၇၃၀၈၈၈၉

နေရာကောင်းဦးရာလူရမည်

အောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ် (၃၅ ပေ×၅၅ပေ)မြေပေါ်ရှိ လေးထပ်တိုက်၊ ပါဝါမီတာ၊ ဘိုးဘွားပိုင်၊ A/C (၁၁)လုံး၊ လိုင်းဖုန်း၊ 60 KVA မီးစက်တစ်လုံး၊ အရှုပ်အရှင်းကင်း၊ လက်ရှိကုမ္ပဏီဖွင့်နေ။

ဖုန်း-၀၉-၅၀၁၃၈၁၅၊
၀၉-၄၃၀၅၁၀၀၃၊
၀၉-၄၉၃၁၀၄၄၉

ဥတုရာသီ တောကိုမှီ၏

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်း၊ ပိတောက်မြိုင်ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အိမ်အမှတ် ၅၁ဟု ခေါ်တွင်သည့် အကျယ်အဝန်း ၈၅ပေ × ပေ၉၀ ကျယ်ဝန်းသော မြေကွက်နှင့် မြေပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အသီးသီးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်သူ(၁)ဦးသိန်းမြင့် ၁၂/အစန(နိုင်)၀၅၉၉၀၉၊ (၂)ဒေါ်စိန်နက်(ခ) ဒေါ်စိန် ၁၂/အစန(နိုင်)၀၅၉၉၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကျော်စိန်ဝင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၂၂)
B.Sc, H.G.P, R.L, D.BL. D.I.L
အမှတ် ၄၀၊ ငါးလွှာ၊ သာခုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



ဂုဏ်ယူဝမ်းမြောက်ခြင်း

မွန်ပြည်နယ်၊သထုံမြို့၊အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါက်တာရဲညွှန့်နှင့် ဆရာ ဆရာမများ၏ အုပ်ချုပ်မှုအောက်တွင် စည်းကမ်းတကျ နေထိုင်ပြီး ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုသူဦးရေ ၃၇၀၊ အောင်မြင်သူဦးရေ ၂၁၃ ဦး

ငါးဘာသာဂုဏ်ထူးရှင်	**၃ ဦး**
လေးဘာသာဂုဏ်ထူးရှင်	**၉ ဦး**
သုံးဘာသာဂုဏ်ထူးရှင်	**၁၅ ဦး**
နှစ်ဘာသာဂုဏ်ထူးရှင်	**၁၆ ဦး**
တစ်ဘာသာဂုဏ်ထူးရှင်	**၇၀ ဦး**

အောင်ချက် ၅၇ဒသမ ၅၇% ရအောင် ကြိုးစားဖြေဆိုပေးခဲ့သည့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့

Royal Express Services Ltd.

အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁) မန်နေဂျာ (ဖြန့်ချီရေး) ကျား (၁) ဦး
(က) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်အထက်ရှိသူဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး အသက်(၄၅)နှစ်အောက်ရှိသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး၊လူအများနှင့်ဆက်ဆံနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းများအား ကောင်းမွန်စွာအုပ်ချုပ် စီမံနိုင်ရမည်။

(၂) Customer Service Staff မ (၅) ဦး
(က) ဘွဲ့ရ၊ ကျန်းမာရေးကောင်းမွန်ရမည်။
(ခ) ရုပ်ရည်သန့်ပြန့်ပြီး အသက်(၃၀)အောက် ဖြစ်ရမည်။
(ဂ) ယဉ်ကျေးစွာ စကားပြောဆိုနိုင်ရမည်။ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရမည်။
(ဃ) ရန်ကုန်မြို့တွင်း သွားလာနိုင်သူ၊ အနည်းဆုံး (၃)လ အလုပ်လုပ်နိုင်သူဖြစ်ရမည်။

(၃) စာပို့ဝန်ထမ်း ကျား (၁၀) ဦး
(က) ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး အသက်(၃၀)အောက် ဖြစ်ရမည်။
(ဂ) ပညာအရည်အချင်း အထက်တန်းအဆင့်အောင်မြင်ပြီးသူ (သို့မဟုတ်) ဖြေဆိုထားသူ
(ဃ) မှတ်ပုံတင်ရှိပြီး အနည်းဆုံး (၃)လ အလုပ်လုပ်နိုင်ရမည်။

(၄) ယာဉ်မောင်း ကျား (၂) ဦး
(က) ရန်ကုန်မြို့တွင်း (ကားကြီး၊ ကားသေး) ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။
(ခ) အသက်(၄၅)နှစ်အောက်၊ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၅)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံတစ်ပုံ၊ ရပ်ကွက်၊ရဲစခန်း ထောက်ခံစာမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

၁၁၄/၁၁၆၊ မြေညီထပ်၊ ၄၈လမ်း၊ ဗိုလ်တထောင်မြို့နယ်


ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
အိတ်ဖွင့်တင်ဒါ (Opened Tender)များခေါ်ယူခြင်း

1.	1(T)/MTE/2012-2013	Circular Saw Ripping	(400)Nos	နိုင်ငံခြားငွေ
2.	2(T)/MTE/2012-2013	Band Saw Steel Strip	(17000)Kg	နိုင်ငံခြားငွေ
3.	3(T)/MTE/Local/2012-2013	Tyre with Tube & Flap	(1500)Sets	မြန်မာကျပ်ငွေ
4.	4(T)/MTE/Local/2012-2013	Battery	(2850)Nos	မြန်မာကျပ်ငွေ
5.	5(T)/MTE/Local/2012-2013	Lubricants	(1230)Drums	မြန်မာကျပ်ငွေ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

ဖုန်း -294352, 291985,291994.

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

(က)	၁၇/ဓလ/CE(12-13)		Kyat
(ခ)	၁၈/ဓလ/CE(12-13)	Rivet Assorted Size(16720)Nos	Kyat
(ဂ)	၁၉/ဓလ/S&T(12-13)	Terminal Roll 5 Ways(1500)Nos	Kyat
(ဃ)	12(T)5/MR(ML)12-13	Roller Bearing (89)Items	Euro
(င)	12(T)6/MR(ML)12-13	PGEV Governor (CAT-3516)(6-Nos)	Euro

-01-294352, 291994,291985

တာယာ/ဘက်ထရီအဟောင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ ပင်မအလုပ်ရုံ (ပျဉ်းမနား)ရှိ တာယာအဟောင်း၁၅၇လုံးနှင့် ဘက်ထရီအဟောင်း ၃၀၁လုံးအား ၂-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၉း၀၀နာရီတွင် အောက်ဖော်ပြပါဌာန၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
ပင်မအလုပ်ရုံ (ပျဉ်းမနား)
ဖုန်း-၀၆၇-၂၂၀၅၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံများရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသား မည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ရောင်းချမည့်နေရာ** - အမှတ် ၆၉/၇၁၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်။

(ခ) **တင်ဒါများဖွင့်လှစ် ရောင်းချမည့်ရက်** - ၂၀၁၂ခုနှစ် ဇွန် ၂၁ ရက်၊ မွန်းတည့် ၁၂း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ရေးနှင့်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းများတွင်အသုံးပြုရန် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းကိရိယာများဝယ်ယူခြင်းနှင့် ပြင်ဆင်ခြင်းကို ဆောင်ရွက်လိုပါသည်-

1.Laboratory equipments	18 Items
2.Liquid Nitrogen Plant and Accessories	1 Lot
3.Renovation of Liquid Nitrogen Plant	1 Lot
4.Renovation of Fermentor	1 Lot

၂။ တင်ဒါပုံစံများကို ၂၀-၆-၂၀၁၂ရက်မှစ၍ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ ရုံးဖွင့်ရက်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်နှင့်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ အင်းစိန်တို့တွင် လာရောက်ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၆-၂၀၁၂ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်ရှိ တင်ဒါသေတ္တာထဲသို့ လာရောက်ထည့်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို အောက်ပါနေရာများတွင် လာရောက်မေးမြန်းနိုင်ပါသည်-

(က) ဝယ်ယူရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၄၄၊ ၀၆၇-၄၀၈၂၄၈

(ခ) ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အင်းစိန်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၀၈၂၀

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မယိုနီဆီ (ခ) မယမုံဦး၏ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ဖြစ်ပါသည်။

မိဘအမည်မှန်

မိုးကောင်းမြို့၊ အထက(၂)၊ အဌမတန်း(B)မှ မဆိုင်းနူးမိုင်နှင့် သတ္တမတန်း(A)မှ မောင်ဆိုင်းလတ်အောင်တို့၏ မိဘအမည်မှန်မှာ ဦးဝွမ်ထပ်လဖရီ၊ ဒေါ်လမိုင်ကျမ်ဘူတို့ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ဦးထီဆန်ဝမ်ဒီးရာမ်၏သား နောင်မွန်းမြို့၊ အမက၊ စတုတ္ထတန်းမှ မောင်ထီဆန်ဝမ်ဖေရာမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁၀-၂၀၀၂ရက်ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရှင်ဗွေယန်မြို့၊ အထက၊ သတ္တမတန်းမှ မဇင်မင်းမင်းဖြူနှင့် စတုတ္ထတန်းမှ မောင်ဥက္ကာမင်းသူတို့၏ဖခင်အမည်မှန်မှာ ဦးကျားရွှေဖြစ်ပါသည်။

အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(၅)၊ နဝမတန်း(A)မှ ဦးဝဒမ်းခေါင်ဖုန်၏သား မောင်ခေါင်ဂမ်ငိုလ်အား မောင်ဝဒမ်းခေါင်ခင် ၁/မကန(နိုင်)၀၉၀၄၈၈ ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝဒမ်းခေါင်ခင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၄

ဒေါ်ခင်သီတာယု **နှင့်** ၁။ ဒေါ်ယဉ်ယဉ်မျိုးအောင်
၂။ ဦးနိုင်အောင်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဒ္ဒနာ ၈ လမ်း၊ အမှတ် ၁၉၀နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင်များသိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံကြည်အပ်နှံငွေကျပ် ၃၆ သိန်းနှင့် နစ်နာကြေးငွေကျပ်၄ါးသိန်း၊ စုစုပေါင်းငွေကျပ် ၄၁သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၅ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၁၂ခုနှစ် ဇွန် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မာလာထွဋ်
တွဲဖက်မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၄၃၂၄၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာဝင်း ၁/မကန(နိုင်)၀၃၀၅၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)

အမည်ပြောင်း

ဦးအောင်ဇော်လင်း၏သမီး အထက (၂) စမ်းချောင်း Grade 7(C) တွင် ပညာသင်ကြားနေသော မအင်ကြင်းခိုင်အား မရှင်းသံသာအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မရှင်းသံသာအောင်**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၉၀၇၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင် ၁/ဝမန(နိုင်)၀၈၅၂၈၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
နေပြည်တော် (ပုဗ္ဗသီရိမြို့)
ဖုန်း-၀၆၇-၅၁၀၀၃၂

အခြေခံယာဉ်မောင်းသင်တန်းကို ၂၃-၆-၂၀၁၂ရက်တွင် ဖွင့်မည်။ သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါကြော်ငြာထည့်သွင်းသည့်ရက်မှစ၍ သင်တန်းစာရင်းပေးသွင်းနိုင်ပါသည်။ သင်မောင်းလိုင်စင်နှင့် ခ လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့
ရုံးအမှတ် ၅၁၊ နေပြည်တော်
ဆေးတင်ဒါအိတ်ဖွင့်ဈေးနှုန်းလွှာခေါ်ယူခြင်း
(Opened Tender)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ ဆေးရုံကြီးများနှင့် ဆေးခန်းများတွင် အသုံးပြုရန်လိုအပ်သောဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်မည့်ရက် - ၂၉-၆-၂၀၁၂ ရက် (၁၆း၀၀) နာရီ

၂။ တင်ဒါပုံစံများကို အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ ရုံးအမှတ် ၅၁၊ နေပြည်တော်နှင့် လူမှုဖူလုံရေးအဖွဲ့၊ အလုံပင်မဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံအနီး၊ ရန်ကုန်မြို့တွင် ၁၈-၆-၂၀၁၂ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(ဆေးဌာန) လူမှုဖူလုံရေးအဖွဲ့၊ နေပြည်တော်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆေးဌာန
လူမှုဖူလုံရေးအဖွဲ့၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၀၁၀၄၊ ၀၆၇-၄၃၀၂၈၁၊ ၀၆၇-၄၃၀၂၈၂

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားရန် ကြော်ငြာခြင်း

၁။ ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ဆားလုပ်ငန်းဥပဒေအရ ၂၀၁၂-၂၀၁၃ခုနှစ်အတွက် ဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်များကို ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း သက်ဆိုင်ရာရုံးခွဲများသို့ တင်ပြတောင်းခံကြရန် နှိုးဆော်အပ်ပါသည်။

၂။ စာပိုဒ်(၁)ပါ သတ်မှတ်ရက်အတွင်း လိုင်စင်အသစ်တင်ပြတောင်းခံခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး တောင်းခံလာပါက ဒဏ်ကြေး(ရက်လွန်ကြေး) အဖြစ် တစ်ရက်လျှင် ငွေကျပ် ၃၀၀ိ/-နှုန်းဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်း လိုင်စင်မရှိဘဲ လုပ်ငန်းများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက ဆားလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင် ငွေကျပ် ၄၅၀၀ိ/-နှုန်းဖြင့် မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ် ထားသည့် အောက်ပါရုံးခွဲများနှင့် အချိန်မီဆက်သွယ်ရယူနိုင်ပါသည်။

(က) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရုံးအမှတ် (၁၉)သတ္တုတွင်းဝန်ကြီးဌာန နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၂၄၁ — နေပြည်တော်

(ခ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ၊ ရန်ကုန်တိုင်းဒေသကြီးရုံး မြွှာညိုလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတ၊ ဖုန်း-၀၁-၄၅၀၁၉၀ — ရန်ကုန်တိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး

(ဂ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၂၂၀ — မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး

(ဃ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ၊ ဧရာဝတီတိုင်း ဒေသကြီးရုံး၊ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၄၉၄၄ — ဧရာဝတီတိုင်းဒေသကြီး

(င) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊ ရခိုင်ပြည်နယ်ရုံး အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့၊ ဖုန်း-၀၄၃-၄၆၀၁၉ — ရခိုင်ပြည်နယ်

(စ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ အိုးဘိုရပ်၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၇၂-၂၁၄၆၈ — (က၊ခ၊ဂ၊ဃ၊ငမှအပ)

၄။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာအပိုဒ်(၃)တွင် ဖော်ပြထားသည့်နေရာများသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိလိုသည့်အချက်အလက်များကို အပိုဒ်(၃)တွင်ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့်ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

HAPPY BIRTHDAY CHAW THIRI MAUNG

၂၀၁၁/၂၀၁၂ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစားမေးပွဲ၌ အထက (၁)ဒဂုံမှ ငါးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ခြင်းနှင့်အတူ ချစ်သမီးလေး မချောသီရိမောင်၏ ၁၈-၆-၂၀၁၂ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ် (၁၂၀)တိုင် ပျော်ရွှင်ချမ်းမြေ့သော မွေးနေ့ပေါင်းများစွာကို ဖြတ်သန်းလျက် ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေး ဖြစ်ပါစေ။

ချစ်ဖေဖေ - ဦးတင်မောင်လွင်
ချစ်မေမေ - ဒေါ်အေးအေး
ချစ်မောင်လေး - မောင်အောင်ဥက္ကာမောင် အလက(၁)ဒဂုံ Grade- 8(D)

ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒုသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ဆက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးရဲဝင်း
ရွှေသွေးကုမ္ပဏီလီမိတက်

ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒုသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ဆက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစံလင်း
Super Seven Stars Motors Industry Co., Ltd.

(၃၆)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်းရွတ်ဆိုပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၁၆)ကြိမ်မြောက် ဝါဆိုဝတ်စုံလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ကြီး၌ ၁၉-၆-၂၀၁၂ရက်၊ အင်္ဂါနေ့ နံနက် ၈နာရီမှစတင်၍ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဆိုပူဇော်ပြီး ၂၇-၆-၂၀၁၂ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီ၌ အဘိဓမ္မာ(၇)ကျမ်းအောင်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုဝတ်စုံလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်၊အလှူ့အစ်မအပေါင်းတို့ ကိုယ်တိုင် ကြွရောက်ကြည်ညိုကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

နာယကဆရာကြီးများ
ဒေါ်ဉာဏစာရီ(မြန်အောင်ကျောင်းတိုက်)

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၁၂ရက် ဤသတင်းစာ၏ စာမျက်နှာ(၁၇) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ် (၁၁) ဦးစိုင်းဝန်းစီ၏ အမည်ပြောင်းတွင် မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်) ၀၂၄၉၄၈ အစား ၁၃/ကတန(နိုင်)၀၀၃၄၇၁ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒုသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသန့်ဇင်နိုင် (Managing Director)-
ဒေါ်သက်ခိုင်စိုး (Finance Director)
Kaday Kyaw Construction Technology Co.,Ltd.

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက(၃)၊ အဋ္ဌမတန်း(B)မှ မောင်ဇဉ်ဗိုလ်ကို၊ ပဥ္စမတန်း(A)မှ မောင်ဖြိုးမင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးဝမ်လီယုန်ဖြစ်ပါသည်။

သီဟ(၇၉)သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

နှစ်စဉ်တွေ့ဆုံဒါနပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

	နေ့ရက်/အချိန်	နေရာ
ဒါနပြုပွဲ	၂၃-၆-၂၀၁၂ရက် ၀၉:၀၀နာရီ	နိုင်ငံတော်သံဃာ့ မဟာနာယက ကျောင်းဆောင် (ကမ္ဘာအေး)
တွေ့ဆုံပွဲနှင့်ညစာစားပွဲ	၂၃-၆-၂၀၁၂ရက် ၁၈:၀၀နာရီ	ကုန်းမြင့်သာစားတော်ဆက် (စမိုင်)

သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ဇနီးများလည်းတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-
ခင်ငွေ ဖုန်း-၀၉-၅၀၃၄၉၃၅၊ မျိုးမြင့် ဖုန်း-၀၉-၅၁၅၆၀၁၃၊ ထွန်းညွန့် ဖုန်း-၀၉-၈၆၃၄၁၃၁၊ ကျော်ငွေ ဖုန်း-၀၉-၇၃၂၄၄၇၇၀၊ မြသန်း ဖုန်း-၀၉-၅၁၃၀၀၃၀

ကန့်ကွက်နိုင်ကြောင်း

ကျွန်တော် ဦးမြင့်သန်း ၁၂/ကမရ(နိုင်)၀၀၄၆၉၄ ပိုင်ဆိုင်သော နစ်ဆန်းဆန်နီဆလွန်း ယာဉ်အမှတ် ၄က/၈၇၆၉အား အစ်ကိုအရင်းဖြစ်သူ ဦးလှစိုး ၁၂/ကမရ(နိုင်)၀၀၄၆၉၂သို့ မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်မည်ဖြစ်ပါ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **ဦးမြင့်သန်း**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ငူခရိုင်တရားရုံးတော်
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဒေါ်ခင်မြင့်မြင့်ပါ-၅ဦး **နှင့်** ၁။ ဦးသန်းထွန်းအောင် (တောင်ငူမြို့)
၂။ မသီတာဝင်းအောင်(မင်္ဂလာတောင်ညွန့်)
၃။ မောင်ဉာဏ်ထက်အောင်(တံတားဦးမြို့နယ်)
၄။ မမို့မို့ဝင်း(မင်္ဂလာတောင်ညွန့်မြို့နယ်)
၅။ မောင်မျိုးအောင်(စမ်းချောင်းမြို့နယ်)
၆။ မသန္တာဝင်း(စစ်ကိုင်းမြို့နယ်)
၇။ မောင်ရွှင်လန်းအောင်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)
၈။ မောင်အောင်အောင်(စမ်းချောင်းမြို့နယ်)
၉။ မခင်မိုးဦး(ရေတာရှည်မြို့နယ်)
၁၀။ မခင်မျိုးဆွေ(တပ်ကုန်းမြို့နယ်)
၁၁။ မနွယ်နွယ်(မိတ္ထီလာမြို့နယ်)
၁၂။ မနီလာဝင်း(စမ်းချောင်းမြို့နယ်)

တရားလိုများ **တရားပြိုင်များ**

အမှတ် ၂တရားပြိုင် မသီတာဝင်းအောင် (မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၃ တရားပြိုင် မောင်ဉာဏ်ထက်အောင် (တံတားဦးမြို့နယ်၊ ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၄ တရားပြိုင် မမို့မို့ဝင်း (မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၅ တရားပြိုင် မောင်မျိုးအောင် (စမ်းချောင်းမြို့နယ်၊ ယခုနေရပ်လိပ်စာမသိ)၊အမှတ် ၆ တရားပြိုင် မသန္တာဝင်း (စစ်ကိုင်းမြို့နယ်၊ ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၇ တရားပြိုင် မောင်ရွှင်လန်းအောင်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၈ တရားပြိုင် မောင်အောင်အောင်(စမ်းချောင်းမြို့နယ်၊ ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၉ တရားပြိုင် မခင်မိုးဦး(ရေတာရှည်မြို့နယ်၊ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၁၀ တရားပြိုင် မခင်မျိုးဆွေ(တပ်ကုန်းမြို့နယ်၊ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၁၁ တရားပြိုင် မနွယ်နွယ်(မိတ္ထီလာမြို့နယ်၊ယခုနေရပ်လိပ်စာမသိ)၊ အမှတ် ၁၂ တရားပြိုင် မနီလာဝင်း(စမ်းချောင်းမြို့နယ်၊ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင်တို့အပေါ် တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၂ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

အောင်စိုး
ခရိုင်တရားသူကြီး
တောင်ငူခရိုင်တရားရုံးတော်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ဆားလင်းကြီးမြို့နယ်၊ သနပ်မျှောင်ကျေးရွာနေ (ဦးသန်းထွန်း)-ဒေါ်စန်းတို့၏သား မောင်ကျော်တင် ၅/ဆလက(နိုင်)၀၄၃၀၇၅ သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်စန်း ၅/ဆလက(နိုင်)၀၃၅၈၃၅



ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅၊ သာဇီအနောက် ဦးပိုင်အမှတ် ၃၊ ဧရိယာ ၀ဒသမ၁၇၇ဧကရှိ ဒေါ်ဝင်းမေ ပါ-၆အမည်ဖြင့် ပိုင်ဆိုင်သောဘိုးဘပိုင်မြေကွက်အား ဒေါ်မြင့်မြင့်သန်း ၉/ပမန(နိုင်)၀၃၃၂၄၂၊ (ဘ) ဦးတီယိုဟွီးပြောင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ကျေးဇူးရှင် သာမညဆရာတော်ကြီး၏ ဂုဏ်ရည်မှန်းဆပူဇော်ပွဲ ဖိတ်ကြားခြင်း

ကျေးဇူးရှင်အနန္တဂိုဏ်းဝင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိနယ(သာမညဆရာတော်ကြီး)၏ သက်တော်ထင်ရှားရှိခဲ့ပါလျှင် ပြည့်မြောက်မည်ဖြစ်သော သက်တော် (၁၀၀)ပြည့် အထိမ်းအမှတ်နေ့တွင် သာမညဆရာတော်ကြီး၏ တပည့် ရဟန်းရှင်လူ၊ ဒါယကာ၊ ဒါယိကာမအပေါင်းမှ လှူဒါန်းမှုအစုစုဖြင့် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲကျင်းပမည်ဖြစ်ပါသဖြင့် အောက်ပါ အစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၁၃၇၄ ခုနှစ် ပထမဝါဆိုလဆန်း ၆ရက် ၂၄-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်း

ကျင်းပမည့်နေရာ - သာမညတောင်တော်၊ ဘားအံမြို့နယ် ကရင်ပြည်နယ်၊

သာမညဆရာတော်ကြီး၏ တပည့်ရဟန်း၊ ဒါယကာ၊ ဒါယိကာမများ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မင်းဘူးခရိုင်တရားရုံး
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၆

ဒေါ်ခင်ငွေနွယ်	နှင့်	၁။ မခိုင်နွယ်ဇင်
		၂။ ဦးခင်မောင်နွယ်
		၃။ ဒေါ်တင်တင်ဦး
တရားနိုင်		**တရားရှုံးများ**

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၃၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၂ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မင်းဘူးမြို့၊ အမှတ် (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ဆေးရုံလမ်းထောင့် ဦးခင်မောင်နွယ်အမည်ပေါက် နှစ် ၃၀၈ရန်၊ ပိုင်းမြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၁၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

